ရှေးပညာရှိ။ ကဗိသူမြတ်တို့ရေးသားဘွဲ့ဆိုစီကုံး
ထားခဲ့သော။ပိုဒ်စုံ၊အဲချင်း၊ လေးချိုးကြီး၊ တေး
ထပ်၊လွမ်းချင်း၊ ခွန်းထောက်၊သဖြန့်စ
သည်တို့ကို။ပညာဗဟုသုတ
ကိုရှာမှီးကြသောအမျိုး
သားတို့။တလုံးတစည်းတည်းကြည့်ရှုမှတ်
သားကြစေရန်။ မှော်ဘီမြို့။အထက်မြို့
စာရေးမောင်ဘိုးသိန်းက။ထုတ်
နုတ်စီစည်သော။

# ဆဲ့နှစ်ရာသီဘွဲ့အမျိုးမျိုး။

THE HANTHAWADDY PRESS

ရန်ကုန်မြို့။
၃၄လမ်း၊ဟံသာဝတီသတင်းစာတိုက်၊
၁၈၉၈ နှစ်။

# နိဒါန်း။

နောင်လာနောက်သား။မျိုးလေးပါးတို့။တိုးပွါးပညာ။ ရစေဌာလျှင်။သမါဓိသန္တ။အာသီဝိသဖြင့်။တစမကြွင်း။နှလုံးသွင်းလျက်။သတင်းကျော်ညီ။ မြို့မှော်ဘီတွင်။ ဂုဏ်အင်မသေး။ မြို့စာရေးဟောင်း။တင့်ကြောင်းမှတ်ထိန်း။မဥ်မတိန်းသဥ္စ။မောင်ဘိုးသိန်းကျွန်ုပ်သည်။လောကုတ်လောကီ။နှစ်လီနှစ်ဝ။နှစ်ဌာနကို။တစမကျန်။သင်အံ့ ဆည်းပူး။ အထူးကြည့်ရှု။ ဗဟုသုတ။ ပြည့်ထလျှင်စွာ။ပညာပါရမီ။အညီဖြစ်ရန်။စိတ်ရည်သန်၍။ အမှန်မနှေး။ရှေးပညာတတ်။ ကဝိဖြတ်တို့။ဆုံးဖြတ်ဥသံ၊။ ပိုဒ်စုံရတု ။အဲဟုသိချင်း။ မယွင်းလေးချိုးကြိုး။ တသီးတေးထပ်။ လွမ်းချင်းညှပ်၍။စေ့စပ်ခွန်းထောက်။မဘောက်သဖြင့်။အတန်တန်ကို။ဘန်ဘန်ရပျိုး။ဆဲ့နှစ်ရာသီအမျိုးမျိုးကို။ အကျိုးများစွာ။ ရတနာဘိုးထိုက်။သိုက်မြိုက်ဆန်းကြွယ်။ အသွယ်သွယ်ဖြင့်။အလွယ်မှတ်ရန်။ အအဘိုးတန်သောကြောင့်။မှန်ကန်မူရင်း။ မယွင်းမမှား။ ပုဒ်ထားပုဒ်နေ။သဝေဝိသဇ္ဇနာ။ အမြစ်ပါမကျန်။ ကာရန်ဆဲ့တစ်။ သတ်ဆစ်ရေးထုံး။စာလုံးမင်ကျ။အစစရှင်း။မှန်ကန်ခြင်းဖြင့်။သတင်းကြေညာ။မိတ်သဟာတို့။ကောင်းစွာနှစ်ခြိုက်။စိတ်သဘောပိုက်ကြသည်အတိုင်း ကျွန်ုပ်တို့ဟံသာဝတီသတင်းစာတိုက်က။ ပုံရိုက်ခြင်းကိုပြုပါသည်။ ။သုတေသီပုဂ္ဂိုလ်။ ထိုထိုဗဟုသုတကိုအလိုရှိကြသော အမျိုးသားတို့ မှတ်သားကြည့်ရှု နိုင်ကြစေကုန်သတည်း။

## ဆဲ့နှစ်ရာသီဘွဲ့အမျိုးမျိုး။

---

### နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

### ပဏာမစတေးထပ်။

အတုလံစိန္တေယျနှင့်။ မြတ်ဓမ္မသဃ်ာ။ သုံးမည့်ရှိ ရတနာကို။ ဝန္ဒနာမာန။ ပူဇာမိအပႆငယ်။ ကြိမ်ဘန်ဘန်ဦးဖြင့် ညွတ်ခ။ ရွှေမေရုမြင့်မှိုရ်။ ပုံဆိုသော်မမှု။ ကျေးဇူးတော်အနန္တနှင့် မွေးမိဘမာတာ။မြတ်ဆရာအရှင်များကိုတဲ့။ဝပ်တွား၍ရှိပူဇော်ခါ။ဆဲ့နှစ်လမာသာကို။ ယဉ်ကဗျာ အကျန်ပျိုးပမယ်။ ရန်အမျိုး ပယ်ခွါရှောင်ပြီးလွယ်ရအောင်။လောကခေတ်ဤလူ့ဘောင်မှာ။ဥာဏ်တန်ဆောင်သစ်ပြန်ရှင့်လေး။

### ဆဲ့နှစ်ရာသီပိုဒ်စုံ-၃-ပုဒ်။
### တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်-၄-လရာသီဘွဲ့။

၁။ တဆဲ့နှစ်လျှင်။ရာသီခွင်ဝယ်။ နောက်တွင်ရှေ့ဦး။ စ၍ကြူးသော်။ ကွန့်မြူးတိမ်ခြေ။ မင်းလွင်ဝေသော်။ လေပြေသုတ်ဖြန်း။ တပေါင်းဆန်းက။ နတ်ပန်းရွှေဘိ။ မိန်ရာသီတွင်။ ဘူးစိငုံအာ။ဥတ္တရာလည်း။မကာယှဉ်မှိ။ထွန်းအညီတည့်။ ရာသီမိသ။ တန်းခူးလဝယ်။စိတြကြယ်၊ ရောင်နီကယ်လျက်။ မိဿလယ်စံပျော်။ထွန်းလာပေါ်က။ကံ့ကော်ရင်ကတ်။ ပင်လုံးညွတ်၍။ ပွင့်ဝတ်ဘူးငုံ။လွှမ်းပွဲပုံရှင့်။ကဆုန်ပြီသ။ဆန်းပြန်ကလည်း။ ရွှေလ

နှင့်သါ။ဝိသါခါလျှင်။မကွာထံပါး။ယှဉ်ပြိုင်သွါး၍။စကားငုံ့စိ။ဘူးခွဲ့ပြီရှင့်။ ရာသီမေခုန်။ လနယုန်ဝယ်။တိမ်ဘုံမိုးစီး၀။ ကြယ်ဇေဠလည်း။လနှင့်မဝေး။ယှဉ်ပြိုင်ပြေးက။ မြတ်လေးငုံရင့်။ စမ္ပာယ်ပွင့်ကို။နှောင်နှင့်သင့်လျော်။ဆင်လိုက်သော်လည်း။ မပျော်လေသေး။နှောင်ကြီးဆွေးသည်။ ။လေးလဂိမ္ဘန်ကူးတော့သည်။

## ဝါဆို၊ဝါခေါင်၊တော်သလင်း၊သတင်းကျွတ်
## ၄-လရာသီဘွဲ့။

၂။ မဘွဲ့ဖြစ်အင်။ညှိုးရပ်သွင်နှင့်။မရွှင်မပျော်။ရှိလေသော်လည်း။နားတော်သံချို။မယ်သျှောက်ဆိုအံ့။ဝါဆိုခေါ်မှတ်။ကြန္နီဝယ်။ နက္ခတ်မိုးရှံ။ ပြုပ္ပါသံတို့။ လထံနီးလျက်။ ရောင်ခြည်ရှက်က။ပုံးညက်ထိန်ထိန်။ပွင့်ချင်းလိမ်ခွဲ့။ သိမ်ရာသီလမ်း။ ဝါခေါင်ဆန်းသော်။နတ်ပန်းခတ္တာ။ ပွင့်ဝါဝါနှင့်။အာကာယဂန်။သရဝန်လည်း။မိုးစွန်လမ္ဘီ။ ထွန်းခဲ့ပြီရှင့်။ရာသီကန်တွင်း။ တော်သလင်းဝယ်။ကြယ်မင်းရောင်ဝါ။လယှဉ်ခါလျှင်။ပြုပ္ပါပရပိုထ်။ တိမ်ညှိုတိုက်က။ရင်လိုက်ထိန်ဝင်း။ပြိုင်၍ကျင်းသော်။ ရင်းမာပွင့်ဝတ်။ခိုင်လုံးညွှတ်လိမ့်။ သတင်းကျွတ်ဆို။ အသဝဏီလျှင်။ တူရာသီနှင့်။ချိန်ကိုလင့်၍။ပွင့်ခြင်းငါးမည်။ ကြာမျိုးစည်က။ ပတ်လည်သိမ့်သိမ့်။တိမ်နိမ့်နိမ့်နှင့်။ပြိုလိမ့်ကမန်း။လျှပ်ခြဉ်တန်းလျက်။ လကိုတွက်မူ။ ချိန်လက်သာလေး။ ရင့်ပယူကျွေးသည်။ ။လေးလဝသန်ကူးတော့သည်။

## တန်ဆောင်မုန်း၊နတော်၊ပြာသို၊တပို့တွဲ-၄-လရာသီဘွဲ့။

၃။ မနွဲ့ချစ်ခင်။ သို့ကိုစဉ်လျက်။ သခင်ဘယ်ကြောင့်။ ... လွမ်းနှောင့်၍။မဖြောင့်ရှိလျက်။လကိုတွက်မူ။ဝါရက်ကုန်ကျွန်း။ဗြိစ္ဆာလှန်းက။ဆန်းတဆောင်မုန်း။ချမ်းစိမ့်တုံးဝယ်။ မိုးလုံးထိန်၍။ကျတ္တိကာလျှင်။ယှဉ်လာစမြဲ။ပန်းခဝဲတို့။ခါပွဲချိန်သင့်။ညီစေ

ပွင့်သို့။ထပ်ဆင့်နတော်။ဆန်းလာပေါ်ကဲ့။မပျော်ယခု။ ချမ်းသာ
လှ၍။ဓနုရာသီ။မိုးတိမ်ဆိဝယ်။ မိဂသီလျှင်။ရောင်မြူးရွှင်သော်။
သဇင်ပွင့်ခိုင်။ တောလုံးကြိုင်မျှ။ ဂန္ဓိုင်ထိုထို။မြိုင်လုံးစိုက။ပြာသို
မကာရ။ ဆန်းသည်မှကား။ဖုဿကြယ်နှင့်။ခန့်တော်သင့်၍။ပွင့်
ခွါညိုနွယ်။ ရိုးတန်သွယ်နှင့်။မိုးစဲလယ်ဝေမှုံ။နှင်းဖုံဖုံနှင့်။ကုန်ရာ
သီတဲ။တပို့တွဲကို။ပေါက်လဲပွင့်စ။ကြယ်မာဃတို့။ရွှေလဘုံနန်း။
ယှဉ်ဖြိုင်သန်း၍။ချမ်းမကုန်သေး။နှောင်ကြီးကွေးသည်။ ။ဗြဲ
ဟောမန်ကြူးတေ့သည်။

ဆဲ့နှစ်ရာသီပိုဒ်စုံပြီး၏။

---

ဆဲ့နှစ်ရာသီဘွဲ့အဲချင်း။
မိဿရာသီတန်ခူးလဘွဲ့။

၁။ ဇေယျတုအောင်ဆုပန်ပါတဲ့မင်္ဂလံ။ ။နေနတ်ကယ်
မရာဇာလေ။ ။အဿဝဏီ။ကြယ်နှင့်ညီလို့။စန္ဒြာဗိတြ။တူယှဉ်
ဖြိုင်ပကြတယ်။ လအတာကိုတဲ့လေး။ ။သီတာငယ်မှပျံ့မွှန်း။
သပြေမြရည်။တသောင်းပြည်ကို။အောင်စည်ယွန်းလို့။ရေသွန်း
မှခါချိန်။သောက်ရှူးဥပါ။ကြယ်နီလာနှင့်။ရွှေဇာပေါက်လို။ တိမ်
ခိုးညိုနှင့်။ဖြိုမည့်နွယ်ချိန်သည်။နဂါးလိမ်လွန်းအိမ်ဘွဲ့လို့။မဲ့ဆိကို
မဲ။ ။သင်းတွဲမှရွှေရောင်။ ကံ့ကော်ဝတ်မှုံ။မွှေးထုံထုံနှင့်။ ရဂုံ
မြိုင်ဖျား။ တောတလွှားလည်း။ ဌက်ခါး တောင်လို။ ပူအောင်မဲ့
ကိုယ်။ မိုးစင်းကြီးတဘွဲ့။ လေတလဲ့နှင့်။ တဆဲ့ခြောက်တိုင်း။ မ
ပြတ်ကယ်ဆိုင်းလို့။ မှိုင်းမှိုင်းငယ်ညိုသည်။ မဗိုသီတာ ဆိတ်
ကယ်ကချစ်ရိတ်ညို့နွဲ့။ ။ပြင်နာရီကား။ ငါးဘို့ထားလို့။ဘဝါး
သုံးအင်။မိဿခွင်မှါ။မရွှင်နိုင့်တတ်။စန်းလွန်းပင်ပြတ်ခဲ့ပြီ။မြတ်
ဆံချည်တာရာက။ တေဇာတော် မချိုးပါနှင့်တော့။ ဝေသာလီ
ပြည်ကြီးကထိန်ညီးရှဲ့။

## ကဆုန်လပြိဿရာသီဘွဲ့။

၂။ ဘန်နန်းမှမျက်အုံလေ။ ။နေနှင့်ယှဉ်မို့။ ရောဟဏီလည်း။မှန်စီဆောင်က။ ရွှေထီးရိပ်ပြုပါလို့။ လွမ်းစယှက်သွယ်။မင်းမူဟန်ဘျယ်လှ။ရိဿလယ်ဘုံမှာတဲ့လေး။ ။ကဆုန်ငယ်မှ ရတု။မြနီလာစစ်။အပြာရစ်နှင့်။ရှစ်မျက်နှာဆို။တောတခိုမှာ။ပျို နုနုနှင့်။ ကျီးဥမှလဲ့ပြာ။ စကား ထုံသင်း။ ဂေါဇာချဉ်းတွင်။ တုကင်းလွှတ်ကွာ။ဌက်ပေါင်းသာလို့။ညွှာချွေငယ်စံသည့်။ယုဂန်မှာတိမ်တပုံက။ဂလုဠ်လိုဝဲ။ ။အသဲမှာဆွတ်ကျွင်။သောင်သင်ဖြူးခင်း။မြစ်ကြီးတွင်းမှာ။ငါးကြွင်ဆန်ကူး။ ငါးတံမြူးသည့်။ဖိုက်ဦးငင်လို့။ သဘင်မှမြူးဝေ။ ဇင်ယော်သောင်တင်း။ရွှေဘိန်ညင်းတို့။ချစ်တင်းပိုင်ပိုင်။အာလုပ်ကယ်လှိုင်လို့။ သံမြိုင်ငယ်ချွေသည်။ကြိုပ်စနေဘီလာပိုင်းဆိက။ရန်တိုင်းချိုပြင်း။ ။ပြည်ကမ္ဘောဇ။တိုင်းညိုမြမှာ။တငါ့တာရာ။ကြယ်ဥပါနှင့်။အခါညောင်ရေ။ပွဲရုံငယ်တွေလို့။ လွမ်းဘွေဆိုင်ညီ။ သေမင်းပင်မှိုရော့ထင့်။ စက်ရာသီပြိဿရေးတဲ့ငိုကြွေးခင်း။

## နယုန်လမေရန်ရာသီဘွဲ့။

၃။ ရွှေသားမှသိင်္ဂီလေ။ ။အခြံကြယ်။ပါဒ်သုံးသွယ်နှင့်။နေဆွယ်ရထား။ယှဉ်မြိုင်သွားလို့။ခက်နားမေရန်။လွမ်းဘို့ဆုံလှတယ်။နယုန်ဆိကိုတဲ့လေး။ ။သိတာငယ်မှစိမ်းလှည့်။ရေမှာကြည့်လည်း။ ရေ၏ထုံးဘမ်း။ တောင်မှာစမ်းလည်း။ တောင်ကမ်းဘွယ်ရာ။မြေမျက်နှာလည်း။မသာစတောင်း။ ရှုမညောင်းသည်။နွေနှောင်းလမို့။ကမ္ဘာကြက်သရေ။ရဂုံနက်ကျယ်။တောမြိုင်လယ်မှာ။စမ္ပာယ်မြတ်လေး။ ပျံ့မွှေးမွှေးနှင့်။စာမေးသာဘင်၌ဌက်ပေါင်းရွှင်လို့။မင်းလွင်ငယ်ဝေသည်။ တောင်လေမြေမှိုင်းမှုံနှင့်။ ကြိုမြန်လေခြင်း။ ။မလင်းမှကောင်းကင်။ တိမ်ခိုနန်းမြှောင့်။ ရာဟုတောင့်က။ မြကောင့်ပမာ။ လက္ခဏာလို။လာ၍

Syriam

ဆင်သို့။သဘင်မှမွေ့သိမ်။ တဆဲ့ချနှစ်။ပြင်နာရီနှစ်တုံးမို့။ ဓမ္မ
စန္ဒာ။ရွှေလည်ပို့သါဘဲနှင့်။တငါငယ်ကြယ်မှိန်သည်။ပြည်ကာလိန်
ကရာဇ်နေတို့။ ကံရွှေတိုင်ညှိုး။ ။လရာသီရ။ စိတ်ကယ်မှရှုပါ
ဘူး။ရွှေဥနှင့်မင်းမိ။ဝေးခိုက်မှဘိတယ်လို့။ကာလိမျက်ညို။ ဘယ်
ညှိုးတော်သိုရတယ်။ငိုတတ်သည့်သူငယ်လို။ အသွယ်သွယ်မ
ကြည်စားပါနှင့်။တအားကိုး။

## ဝါဆိုလကြွန်ရာသီဘွဲ့။

၄။ ဥစွန်းမှလူလူလေ။ ။လေးလုံးအက္ခရာ။ တံဆိပ်စာ
နှင့်။ ရတနာရွှေခေါင်း။ ဘန်နန်းအောင်းလို့။ တသောင်းရပ်က။
ကြယ်ဖုသျှနှင့်။ တူကွချိန်မှန်။တနန်းစိစံကြတယ်။ဟန်ပံယူပါလို့
လေး။ ။ကလူမှတိမ်ကွေး။ ရွှေပုစွန်ဝါ။ မှိုင်းလုံးစာနှင့်။ နာရ
ကတ္တိ။ လွမ်းဘို့ညိုအောင်။ ပန်းချီရေးသို။ မိုဃ်းသေးမှစွတ်စို။
ကာသစ်နန်းသာ။ ကမ္ဗလာမှာ။မဟာပရမီ။ စက်ရှိန်ညီလို့။ရွှေသိ
လကျူနယ်က။ တိမ်စွယ်မှာညိုသည်။ ဝါဆိုကိုပဋ္ဌင်းပွဲနှင့်ကြည်
ကွဲရန်များ။ ။တောလားမှတောင်ပြင်။ပုန်းညက်အနန်း။နှင်းဆိ
ပန်းနှင့်။ စခန်းကြိုင်သင်း။ ရဂုံတွင်းမှာ။ ငှက်မင်းသားနှယ်။ရွှေစ
လွယ်ကို။သုံးသွယ်ဆင်လို့။မိတ်လင်မှရုံညီ။ကြည့်ပအလို။မြင်သူ
များငိုရအောင်။အတိုအဲချ။အမအဲတိုင်။ ပွင့်ဝတ်ကယ်လှိုင်လို့။သံ
ပြိုင်ငယ်ချီသည်။ မြစ်နဒီရေပြည့်လို့။ဝဲလှည့်သံသဲ။ ။ဆံကျင်
ရောင်လျှပ်။ တာရာမြတ်နှင့်။ နက္ခတ်နဝ။ပါဒ်သုညကို။ တရှေ့တ
ပါး။လူအများတို့။ စကားတွတ္တိ။အိုဘယ့်နှယ်ဗိုပမယ်။ ဘော်မ
ညီတကိုယ်ရေးတို့ပူဆွေးမြဲ။

## ဝါခေါင်လသိဟ်ရာသီဘွဲ့။

၅။ စက်ခန်းမှရဝေလေ။ ။ဝါခေါင်ဗြိဗြိ။သည်ရာသီကို။
နာရီအတွင်း။ ခြောက်စုံနင်းလို့။ နေမင်းမိတ်စုံ။ ဘရဂုံလည်း။ရွှေ

ယုန်ပမာ။ထွက်လို့လာတော့တယ်။အာကါသွေ့ငယ်ကလေး။ ။သပြေမှာတောင်လက်။မသာစတောင်း။ ရှုမညောင်းသည်။ရေကြောင်းပျော်မှီး။ နာမညီးအောင်။ ဦးရိုး နှောင်မယ်။ ချစ်ရိတ်ကယ်သွယ်သည်။ လွမ်းနယ် ဘက်လို့။ တောကြွက်ကယ်ဖနီ။ကြွင်ဘက်ခေါ်သွေး။ရွှေမြစ်တွေးတို့။ ဌက်ကျေးသောသော။သံစုံငယ်နှောလို့။ဥဩညို့ချိသည်။ကတ္တရိရွှေမှုံနှင့်။ခတ္တာဇုံတုံး။ ။မြိုင်လုံးမှဝေဆာ။ရွက်သစ်ကယ်စိမ်းစိမ်း။ ခက်လက်ကယ်ရိမ်းသည်။ထစ်ကြိမ်းဆော်လိုက်။မိုဃ်းတဝိုက်ကို။သိုင်းရိုက်ခါနှင့်။သူဇာတို့မောင်။ကမ္ဘလါရစ်ခြယ်။တသောင်းနယ်က။ညာဘယ်ခွေညွှတ်။သင်တိုင်းဝတ်လို့။ လွမ်းဆွတ်ဘွယ်ဆောင်သည်။တဂုံတောင်မြို့ပြည်တွင်းက။မြင်းတာရာဖြိုး။ ။သည်အချမ်းလ။သမယကို။ မြန်မာ့သင်းကျစ်။ သတို့စစ်တို့။ လက်ရှစ်ကချေ။အထွေထွေနှင့်။ရွှေစာရေးတံ။ အောင်ပွဲခံသည်။ကြီရာမသိ။မကြိုးရှိခိုက်ကို။ရပ်ဘုမ္မိနက်သံက။လွမ်းရန်ကိုနယ်မနင်းပါနှင့်တော့။သိပ်တွင်းမိုဃ်း။

## တော်သလင်းလကန်ရာသီဘွဲ့။

၆။ ရဟတ်မှယောင်လေ။ ။ဟာသဒကြယ်။နေနှင့်ဆွယ်လို့။မိုဃ်းလယ်ဖြိုဖြို။ တိမ်ကတ္တိလည်း။ နိုနိုချင်းချင်း။ ကန်လက်တွင်းမှာ။ လေပြင်းဆင်ပါလို့လေး။ ။မင်းလွင်ငယ်မှတလှဲ့။မသာစန္ဒိုး။ စိတ်လယ်ကယ်ညှိုးအောင်။ မိုဃ်းတလှဲ့နှင့်။ အိုဘဲ့ရာသီ။လည်ပြောက်လည်လှုတ်။ ပဲတောက်ပြုတ်နှင့်။ ဇုတ်ဇီဝိုး။တောင်တရိုးက။ ချစ်ကြိုးမပျက်။ လည်ချင်းရှက်လို့။ ဝတ်ရက်ကယ်ချိသည်။ဝေသိသိပင်မြင့်နန်းက ပန်းယင်းမာမွှေး။ ။ကလေးမှမွှေ့သိမ်။ခေါက်ချိခေါက်ချိုး။သိန်ဂုဏ်တံထိုးသည့်နှယ်။တန်ခိုးကြီးမား။နဂါးတိမ်နှင့်။ လွမ်းထိမ်ဘွဲ့ခါ။သစ္စာရည်တူ။ရှိတဲ့သူကို။ အပူမီးနေ့။ ရောက်လေစေဟု။ ဝေယံဝင်းရှိန်။နတ်နန်းအိမ်က။ကြိမ်ကြိမ်ငယ်ရွာသည်။ ရာဇဂြိုဟ်ပြည်ကိုမှီး၍။တင်း

ကြယ်နီတွန်း။ ။ရေသင်ဖြူးခင်း။ တော်သလင်းကို။ မြစ်တွင်း
ပြည့်နက်။ဂလုန်ဌက်ကဲ့သို့။ ရွှေတက်ကယ်မြောက်ချို။ရွှေရေသီ
နှင့်။ညီညာစုံလင်။ဖော့ပွဲတော်ဆင်ကြတယ်။မြစ်ပြင်မှာရေသာ
ကြောင်းက။စည်မောင်းယွန်း။

## သတင်းကျွတ်လတူရာသီဘွဲ့။

၄။ သမုဒ်မှသူရိန့်လေ။ ။သွာဒိနှင့်နေ။ယုဂန်ဘွေမှာ။လေ
ယန္တရား။ လှည့်လည်သွားလို့။ ဆဲ့ငါးနာရီ။မှန်အညီနှင့်။ ရာသီတူ
လက်။ ရွှေမောင်းသံညက်လှသည်။ ထက်ဝတိန့်ငယ်လေး။ ။
သံရှိန်ငယ်မှကြူးရင့်။ပတ္တမြားနီလာ။မြသန္တာလို။ ရွှေဇာကပ်ချွန်။
တိမ်ပုဇွန်ကို။တန်းခွန်လွင့်လို့။ကြူးရင့်မှနတ်စည်။ဗဟိုလ်နောင်
တိုင်း။ကြေးစည်ပိုင်းနှင့်။ ပတ်ဆိုင်းပတ်သာ။ အငြိမ့်ရှာလို့။ ခါခါ
ငယ်မည်သည်။အောင်စည်တော်ရွှေလက်တီးက။ကြက်သီးကို
နှိုး။ ။သားမျိုးမှစေ့ရုံ။ မဟာနဝဒတ်။ အိုင်မင်းမြတ်မှာ။ ငါး
ရပ်ကြာပေါင်း။ ကြိုင်နံ့လှောင်းသည်။ ရေကြောင်းကြို့လို့။ မွှေး
ထုံမှ သိင်္ဂါ။ ဌက်ရာ ဇည။ ရွှေဘွဲ့ရတို့။ မြသရဘူ။ ဇေါင်းဝန်း
လူနှင့်။ဥရူတိုင်းညီ။သစ်နန်းရိပ်မှီပါလို့။ပန်းသီတန်ရှာသည်အခါ
တော်ရွှေဆင်လှူတဲ့။မိုးပူဇော်ပွဲ။ ။ပဥ္စာငကော။နက္ခတ္တနှင့်။ဘော
မပါဒ်လွတ်။သတင်းကျွတ်ကို။မညွှတ်မတိမ်း။ နှင်းရည်လိမ်းလို့
စိတ်ငြိမ်းသာကြည်။ဘယ့်နှယ်လူတည်ပမယ်။ဂျွမ်းပြည့်တော်
လက်ျာစီးက။ရွှေကျိုးဝဲ။

## တန်ဆောင်မုန်းလ။ဗြိစ္ဆာရာသီဘွဲ့။

၈။ တိမ်သိုးမှဖြော်ဖြော်လေ။ ။ဘန်နန်းစကြာ။ ဝိသာခါ
နှင့်။ယှဉ်လာဖြိုင်ထွန်း။လပြည့်ဝန်းလည်း။ လေးကျွန်းလည်လှဉ့်။
ရွှေဘုန်းတော်ပြည့်လှသည်။ ကြည့်တိုင်းတော်ပါလို့လေး။ ။
စက်ဘော်ငယ်မှကွာဝေး။ အခေါက်တရာ။ ကတ္တိကပါနှင့်။ ရတ

နာကျောက်စိ။ မည်သရိကို။ လီလီထပ်ပုံ။ တပိုင်းငယ်ခြုံ။ မလုံသေးလို့။ လှသနော်။ လမြတ်ကယ်ဗြိန္ဒာ။ ဤအခါကို။ တငါငါးမင်း။ ပိုက်ကြီး ရှင်တို့။ ခေါင်တင်သံညောင်း။ လှငယ်လောင်းနှင့်။ မြစ်ကြောင်းမှာခေ‌ဘ်သည်။ နတ်ကျော်အောင်စည်တီးလို့။ မကြီးငယ်ညှိုး။ ။ကြောက်ရိုးမှလန့်ဘွယ်။ ခဲ့ရစ်ခွေ။ ပြည်ပန်းရွှေနှင့်။ တောခြေတောင်ရံ။ ပင်နန်းပျံမှာ။ လူဟံ့နွဲ့ညိုတ်။ ကရဝိက်လည်း။ ချစ်ရိတ်သွယ်လို့။ ငယ်သံတွတ္တွဲ။ ဆီမီးကထိန်။ မြေခံလေကကြိမ်သနှင့်။ တိမ်အဆာကျယ်။ နှာမောင်းသွယ်လို့။ ရွှေနွယ်လိုချိသည်။ ကျိုးအာနီမျက်နှာလှလို့။ ခညပြည်ငေ။ ။နာရီအန္တ။ ဂဏန်းဆနှင့်။ ချမ်းစပြုတုံး။ တန်ဆောင်မုန်းကို။ ပတ်ကျန်းဝန်းကျင်။ ဇမ္ဗူပြင်မှာ။ ကြင်သူမရှိ။ အသာမိတို့။ ကယိကန္တမ်း။ မယ့်နှယ်လွမ်းလို့။ စက်ခန်းဘုံခွင်။ ငိုလျှက်သာဝင်လိမ့်မယ်။ နှင်းရွှင်ရွှင်ပေဟမန်မိုဃ်းက။ ခေ‌ဘ်နှိုးကြွေး။

## နတ်တော်လခနူရာသီဘွဲ့။

ဇ။ ပြာသာဒ်မှာဘုံဆောင်လေ။ နေနှင့်ယှဉ်မှန်။ ပြုပ္ပါသန်လည်း။ ရစ်တန်းကျိုးဥ။ ရောင်ခြည်တော်လှလှသည်။ ယုဂန်ခေါင်ငယ်ကလေး။ ။ဝေမှောင်မှပိုက်ဆိုင်း။ ခနူရာသီ။ သာမျိုးညီအောင်။ ကတ္တွဲပါလို့။ မိုဃ်းတခိုမှာ။ ဗဟိုဋ္ဌဆိုင်းနှင့်။ နောင်ဒိုင်းမှဟစ်အော်။ ဘယ်သူအတတ်။ ဘိညာဉ်ပြတ်အောင်။ ဘယ်နတ်ကယ်လွမ်းရုံ။ ခန့်စိမ့်လို့။ ခေါက်ပြန်ခေါက်တုံ့နှင့်။ နေကျန်အောင်ခေ‌ဘ်သည်။ နတ်ကျော်စက်ချိန်မှ။ တိမ်သက်တင်တန်း။ ။စခန်းမှကြည့်လင်။ တောင်လည်းသာမော။ တောလည်းပျို နူ။ မြအလုမှာ။ ပုလုကွေးလွေး။ ငှက်တဝေးလည်း။ ချစ်ရေးကြင်လို့။ သဘင်မှရဝေ။ သာသည့်မြေမှာ။ အခြေနှစ်ချောင်း။ ခေါင်းကားနှစ်မြွာ။ မင်းဆရာတို့။ မဟာဗိန္ဒာယ်း။ ရထားဆွဲလို့။ ပျော်ပွဲငယ်ကျယ်သည်။ ဆဲ့နှစ်သွယ်ပြင်နာရီက။ နေ့အိနိုင်ဘူး။ ။ဟံသာဝတီ။ သညီကျော်ခြင်း။ မြို့စောင့်နှင်းသည်။ ဟာသ်ာကတွန်း။ သဇင်မွှန်း

လို့။နှင်းသွန်းချိန်ကြို။ သလွန်ဘုံမှာ။ခြုံသူမရှိ။ တကိုယ်တဲဒိဒိုက်ကို။ ပူဇာတိမျက်နှာက။လေဆာကျယ်။ ပြန်မညောင်းပါနှင့်။တမောင်းကြူး။

## ပြာသိုလကြွန်ရာသီဘွဲ့။

၁၀။ ထောင်ပြည့်မှရောင်ခြည်လေ။ ။နေဝန်းစက်ဝွန်း။တုဘက်ကယ်လွန်သည်။သရဝန်ကြွယ်။ပါဒ်နှစ်သွယ်နှင့်။မိုးဃ်းလယ်တောက်ထွန်း။ စိုစိုငယ်ရွှန်းလှတယ်။ ရစ်သွန်းလည်ပါလို့လေး။ ။မြန်ပြည်မှသာနိုး။မိန်ညိုချပ်ခါ။ ရွှေတန်ဆာနှင့်။ရတနာမြင်းခင်း။စိတ်ရှိငယ်ကျင်းသည်။ နှင်းဖြိုးဖြိုးနှင့်။စက်ထိုးမှဟန်ယူ။ အသည်းဆွတ်ကြွေ။ ချမ်းလေပြေနှင့်။ တောခြေတောင်ရံ။ ဌက်ပေါင်းပျံ့လို့။ ဝတ်ဆန်ငယ် ခြူသည်။ မိုးပူပူကင်မဝသည့်လပြာသိုခေါင်း။ ။ထည်ပေါင်းမှထောင်ရာ။ ခြုံလေငွေလေ။ ကြက်သီးထွေနှင့်။ ရင်ရွှေပျားမင်း။ သြဇာကင်းသည်။ ချိုးလင်းပြာတို့။ မသာမကြည်။ ပရိဒေဝ။ငိုကျွေးကြွလို့။ ဟာ-အာလုပ်သံ။တညံ့ညံ့နှင့်။ခက်ပြန်အောင်မည်သည်။ ညွန့်ရည်ရည်ခွါညိုပွင့်လို့။သိုင်းဝင့်ချိန်နိုး။ ။ပြည်ကြီးမှပင်ဝွန်။ တုဘက်ကယ်လွန်သည်။ပုစွန်ကထွန်း။နှင်းရည်သွန်းလို့။လေဝန်းကာဘိ။ ဘယ့်နှယ်သာချိပမယ်။ အမိကိုကယ်ကြွပ။မကာရရာသီတဲ့။ နာရီတေဘ်သံညောင်းနှင့်။စည်မောင်းတီး။

## တပို့တွဲလကုန်ရာသီဘွဲ့။

၁၁။ ချိုးဥမှတိမ်ခိုလေ။ ။သတ္တဗိဿျ။နက္ခတ္တနှင့်။ ရှဉ်ကြွမလွဲ။တပို့တွဲနှင့်။ပေါက်လဲငုံကင်း။ထန်းရည်ငယ်နင်းကြွသည်။နှင်းထုံထုံငယ်နှင့်လေး။ ။လွန်းဟုံမှဆင့်ကဲ။ ပန်းမွှန်ပွင့်ချပ်။နဝရတ်ကို။သုဒ္ဓသန။ဘုံကပြသို့။သနားတော်ဒိမ်။ ရွှေကြိုးလိမ်သည်။ တိမ်သင်းတွဲနှင့်။ရောင့်ရဲမှမပြေ။မျက်စိမခန့်။ နားမဆန့်

အောင်။မှန်နန်းသရဘီ။တန်ခိုးတော်ချီတဲ့လို့။ ဖြိုးဖြိုးငယ်သွေ့သည်။ အစိမ်းနွေ့ဓါတ်ကင်တဲ့။ လသာဘင်ထူး။ ။ကြည်နူးမှအံ့ဘွယ်။ နက်ဘန်။သံဘက်။ ဘိန်းနွဲ့ရက်ကို။ချိမ်းချက်စကား။ သစ္စာထား လို့။မပြေားရည်တူ။ ရှိတဲ့သူတို့။ စိတ်ပူဘွယ်ကို။ နယ်ရှစ်ရပ်က။ လှုံ့ထပ်သော့သူ။မြူအသနွေ့။လေအနန္တ။ မိုဃ်းကြွင်းကျလို့။မှိုင်း မြမြညှိုသည်။ပိုသထုံရွှေပြည်သာက။ချိန်တာရာဝင်း။ ။ကျန် လက်ဂေါဇာ။ သည်အခါမှာ။ တမာ သေးနု။ ငှက်ကျေးဥလို့။ ယာဂုမြွှောက်ချီ။ လေးနာရီနှင့်။နဒီအောင်ချာ။ ကြည့်တိုင်းသာလှ တယ်။တငါသည့်ခေါင်တင်တီးလို့။ပိုက်ကြီးခင်း။

## တပေါင်းလမိသာရာသီဘွဲ့။

၁၂။ ကသိုဏ်းမှညိုညိုလေ။ ။ကြယ်ရေဝတီ။နယ်သိင်္ဂီ မှာ။နာရီငါးရပ်။သုညာပါဒ်နှင့်။ ရဟတ်ကယ်ခက်ချင်း။ ချမ်းရေး ဖြင်းကြသည်။တောင်မြင်းမှိုရ်ငယ်နှင့်လေး။ ။ရွှေလိုမှရစ်ဆင့်။ သဲပုံပုံဖြိုဖြို။သာမျိုးညီအောင်။ စေတီရတနာ။ လှည့်လကျ်ာကို။ မြေဇါမြှင့်လို့။ကျူးရင့်မှနတ်စည်။ကြက်ခေါင်အလှန်း။ဆီးဖြန်း ဖြန်းနှင့်။ မိုဃ်းပန်းဆွတ်ချွေ။ မှိုင်းမှိုင်းဝေလို့။ နေမတည်သည်။ မျက်ရည်ကို။ရွှေတဘက်ကယ်နှင့်။ သုတ်ရက်ဖြိုဘူး။ ။နွေဦး မှတိမ်ခ။ တောတောင်တလီ။ မြည်းသရီနှင့်။ ကတ္တိပါပေါင်း။ ရွက်သစ်ကယ်လောင်း။ ရွက်ဟောင်းပျံလို့။ ခက်ရန်မှ ဝေဝေ။ အင်ကြင်းသရဘီ။ပန်းစုံစီနှင့်။သိင်္ဂီရောင်သွေး။ကြိုင်ကြိုင်ငယ် မွှေးလို့။ ငှက်ကျေးငှယ်ချွေသည်။ တောင်လေပြေမုန်တိုင်းနှင့်။ ရေလှိုင်းသံတိုး။ ။ပြည်မိတ္ထီလာ။ချိန်တာရာသည်။တငါပျော် ကြ။ သို့သည်လကို။မရရင်ငွေ့။ တကိုယ်လေ့တို့။ မွှေ့မွှေ့သိန် သိန်။ ကြည်နူးရန်ကြိုန်လိမ့်မယ်။ မိန်ရာသီလတပေါင်းတဲ့။ ဝ်တ သောင်းလုံး စိတ်ငယ်အောင်။ ပတ်လယ်ကို ရိပ်မှုံမှိုင်းနှင့်။ မြွှော် တိုင်းညှိုး။

ဆဲ့နှစ်ရာသီဘွဲ့အခဲချင်းပြီး၏။

## ဆဲ့နှစ်ရာသီဘွဲ့လေးချိုးကြီး။

### မိဿရာသီတန်ခူးလဘွဲ့။

၁။ စုံတဘွဲ့မှာလ။မှုံလိုင်ယပ်ပြေလွင်မှာ။ ရွှေရစ်ဆင်တိမ်ပြိုးပြန်တော့မတဲ့။မြူခိုးချယ်သစ်လာလှကြည့်။နယ်ရှစ်ခွင်။ ။ဓာရင်ယပ်ဘန်ဝါ။ပြာဘင်္ဂါလဲ။ဥတ္တရာလမ်း။လယ်မရွှေမြန်းရင်လှ။ထက်နန်းရှဉ်ခါ။စိတြာနှင့်။ပုဏ္ဏာမာချိန်။စန်းရွှေသိန်လဲ။ မိန်နမန္တာ။ကွန့်တိုင်းဘဲသါတော့တယ်။အတါကြော့ဆိပ်ပုံမှာ။ခါမိတ်စုံတကိုယ်လွမ်းသူမို့။ ညွန်းသမ ရွှင်။ ။မြိုင်တသီဝယ်။ ကြိုင်ဆိသွင်း၍။ညှင်းလေဓွှေနှင့်။ကျေးသနစ်ပုံ။ပုရစ်စုံလို့။ကိုက်ငုံမါလာ။ထိုချပ်လွှာဝယ်။ဂီဝါနှိုင်းလျှော်။ပန်းကုံ့ကော်နှင့်။စွယ်တော်ရင်ခတ်။ ရာသီပိုင်မြတ်မတဲ့။ သောင်းရပ်ကယ်နန်းနေ။ ရှိပန်းစုံခြွေဆဲမှာ။သပြေခွင်ငယ်။သဘင်သာဆုံးခုအတာလှည့်။ ။ရင်ပေါင်းချိစွ။နဒီကလဲ။သဲစသောင်ခြေ။လောင်သင်းရေနှင့်။ ငှက်ဆွေစုံလှယ်။မောင်ချင်းမယ်တို့။သွယ်သွယ်မှုနဉ်း။ပူပွဲစဉ်အောင်။သည့်နှင့်မတန်။အာကာယန်ဝယ်။ရှစ်တန်မှိုင်းမှုံ။ရွှေအမွှုံလည်း။ပိန္နုံမါရောင်။မိုဃ်းလုံးဘဲလောင်မည်နှယ်။တောင်တိမ်ညွန့်လျှပ်ခြည်မှာ။ကြင်ဆွေနည်တင်ဘော်ဝေးသူမို့။ဆွေးလော်ဝေချည့်။

### ပြိဿရာသီကဆုန်လဘွဲ့။

၂။ မြိုင်သနင်းငယ်မှ။ကြိုင်သင်းဂန္ဓာက။ မာလာရည်ထုံမှုံနှင့်။စုံရဂုံသိန်တင့်ပါဘိ။ချိန်သင့်လျှော်။ ။ပုရစ်ကယ်ဘူးစီ။ရွှေကိုက်ကယ်ချိသည့်။ ရာသီသာစွ။ခါပြိဿဝယ်။ စန်းလငယ်ရောင်ဖြူ။ ယှဉ်တူပုဏ္ဏမီ။ ဘေသာကီတို့။ ပြိုင်မှိဆွယ်ကာ။ နှစ်နန်းဘဲသာတော့တယ်။ နိယာမစက်ဆွေမှာ။ကြည်းရေ နေသိလာ၍အောင်ပ။လွမ်းဘွဲ့ခါဆောင်။ ။အာကာယန်မှာ။ဘန်ဥဏ္ဏာဂူ။မေါကြိုရှုဖြင့်။အံ့သုမါလီ။မရွှေချိလျက်။မပီရန်ညွှတ်။မြိုင်စံလွတ်ဝယ်။ညှာညွှတ်ကယ်ဘူးဝေ။စကားရွှေနှင့်။ ညောင်ရေခါ

မှု။ မွှေးထုံရည်ကြူလှာတယ်။မြတ်လှူတော်ငယ်။ ဆိုသော်ဘယ် ချီးထို့မကုံသင့်။ ။ရေနဒီဝယ်။ယဉ်သိတါကမ်း။သဲငွေနန်းထက် ချစ်ပန်း ငယ်ကြွင်ဆွယ်။ ဌက်မောင် မယ်တို့။ လှယ်ပြူ ဌာသန်၊ သွယ်မှုရာဘန်ဆဲမှ။ဗျာဉါကျာ်ဖြိုးသွယ်။ဆွေးသူ့နယ်မို့။နိုကါယ် ကိုက်စီ။ သနားပုံညီကြတယ်။ ပွေလီရဘန်ဝေကို။ ဆည်လေ လေသာထို့လွှန်းပါဘီ။ကျွန်းချည့်မယ်ထင့်။

## မေရုန်ရာသီနယုန်လဘွဲ့။

၁။ နွေသနစ်ပေမို့။ရေမြစ်ကယ်သိတာဝယ်။ဘီလာလာစုံ ခြေနှင့်။ ရဂုံနေသာဟန်မို့။ ခါဂိမှန်မေရုန်ကို။ သိန်တပုံ သွင်တူ ပြန်တော့မတဲ့။မှင်ဘူးရောင်။ ။စန်းမြတ်ကယ်ယုန်ဆီ။ပုဏ္ဏမိ ဝယ်။ယှဉ်ညီလာစွ။ကြယ်ဇေဋ္ဌနှင့်။တငေါ့တာရိန်။သာတူချိန်တဲ့။ ဘန်ဍုန္တဂူ။အန္တဂိမှုဆဲမှ။ဗျာဆူသုလွှမ်းနယ်ကို။ကျွန်းကြွေဘွယ်။ ရွှေဘွင်နွဲ့အောင်။ဆွေးငဲ့တော်လေါင်။ ။စမ္ပိငယ်ကြယ်သည် စမ္ပာယ်မှုံပွင့်။ ကြက်ရုံးငယ်တင့်လို့။ နန်းမြင့်ဗိမာန်။ ဝေဇယန် ထက်။စံပြိုင်မှုရာ။သုဓမ္မါဝယ်။ဗိနယါရှင်။ထေရ်ကြီးရှင်တို့။မြတ် သဃီဂုဏ်။ခါပွဲတော်ကြူဆဲမှာ။ ဘုံသပြေမြန်၊ မြိုဦးစံတော့ပ။ ဘက်စံငယ်ရှောင်တယ်။မင်းခေါင်မန္တတ်တို့တံထွာတဲ့။ ။ရာ သီသာစုံ။ခါနယုန်ထက်။ မြူမှုံငယ်သိဂ်ါ။စိန်ခရာသို့။ သာယရန် ရေ။ရင်ပေါင်းတွေလဲ။သဲငွေပြန်စ။သောင်စုံလွှဝယ်။ကြည်းက တပုံ။ မြိုင်ရဂုံမှာ။ ဌက်စုံကြွင်ရာ။ ကျော်သံသာနှင့်။ ခေါ်ခါသံ စည်။ဘိုးခေါင်မည်လို့။ရွှေပြည်ခေါ်ရောင်။ဘိုမမောင်တို့။လွှမ်း အောင်လှယ်ဝေ။ ပူခက်စေသားနှင့်။ ဖြေမဲ့ရွှင်လို။ သဲမှာသာဖို တော့တယ်။ ညွှတ်ပျိုလုဆွေဗျာကို။ လွှမ်းတိကာဆယ် မေရ ငယ်သို့။ကျွန်းလုပေဘွဲ့။

## ကြန်ပွဲဝါဆိုလဘွဲ့။

ရွှေရည်သာစက်တော့တယ်။ပုံးညက်ကယ့်ထုံမှုံဝယ်။ဂန္ဓါ

ရုံလှိုင်နှင့်။မဟိမြိုင်သာ၊ ရွှန်းပါဘိ။ပါခွန်းရှိန်။ ။ငွေဝန်းငယ်ယုန် ပျံ့။ပြုပ္ပါသန်နှင့်။စံသိတကျူ။နှစ်နန်းပြိုင်မှုဆဲမှ။ဇမ္ဗူရေမြေ။သါစံ ထွေဝယ်။ဘန်နေစကြာ။ သည်ကောဇာထက်။ ယဉ်သာဒေါင်း ရွှေ။လယ်မရွှေ။ ဆဲ့နှစ်ခွေပတ်။ကြန့်တွင်။ နတ်မြတ်ကယ်စက် ပျော်။ ပန္နဝါဆော်တုံးမို့။ မော်ဖွေ့မြင့်အာကာမှာ။ လမ္ဘရာစည် မရိုးငယ်တို့။တပိုးတံရှည်နွဲ့ရင်လ။မိုးမာန်ဘွဲ့သိန်။ ။သည်ရာ သီမှု။မဟိတလ။သောင်းဗိုလ်ပေတဲ့။နရစံတည်။ ထွန့်ဘုံစည်လဲ။ ထွက်စည်စံပျော်။သဘင်တော်မှု။ကြားကျော်ဖြိမ့်ကဲ။ ပဥ္စင်းပွဲ နှင့်။လှူမြနှစ်စင်။မြို့ကြီးယင်လည်း။မာရကင်ရှူ။မင်္ဂလြွမ်းသာယူ တော့ပ။ဘုမဟိန်ဝယ်။သူရိန်ဘန်နန်းလို့။ ယမုန်ယဉ်ကြည်။ဆွေး ဘွယ်သာ စည်တော့ တယ်။ မတည် သူဇျာ မိုအောင်။ ချိန် ဝါဆိုခါအကွန့် ဝယ်မှ။ လွှန်း လွှန့် ပါဘိ။ ။မျှော်လေ ရာ ဝယ်။ ဘီလာခွေရစ်။ သီတာမြစ်လဲ။ မြနှစ်ကယ်ချက်ခြိုး။ ကြက် ခတ်ဆုံလို့။ လှိုင်းအုံယည်ဘောင်။ .လေပြင်းဆောင်လျက်။ ငှက် မောင်မဖို။ ရွှေဝန်ဗိုလ်လဲ။ ကြေကိုမျောစုံ။ ငွေကြောလှုံလို့။ ယမုန် ယဉ်ကြည်။ ဆွေးဘွဲ့သာ စည်တော့ တယ်။ မတည်သူ ဇျာပို အောင်ချိန်ဝါဆိုခါကွန့်တွင်မှ။လွှန်းလွှန့်တောင်ထိ။

## သိန်ရာသီဝါခေါင်လဘွဲ့။

၅။ ဘန်ပြာသဒ်ကယ်နှင့်။ ရဟာတ်ကယ်စက်ချိလျှင်။သိန် ရာသီဝါခေါင်မို့။အာကာပေါင်တိမ်စွန်မှာ။သရဝန်ကြယ်မြတ် တို့။ ငွေနတ်ကယ်။ ပုဏ္ဏာဝိန်မှု။ ပြိုင်တချိန်သာတင့်မတဲ့။ ခါသင့် ကို။ ။ခပင်းငယ်ကြည်းရေ။သာစထွေမှု။မြူရွှေတကြော။ကမ်း ကြွေစောလို့။တိုက်မျောငယ်သုံသုံ။ ငှက်ဘောင်စုံဆဲမို့။ ယမုန် ပြည်သာဟန်မှာ။ ရေထန်ထန် ရေယည်လှိုင်းငယ်နှင့်။ ရှုတိုင်း ဘဝင်ညွှတ်အောင်ပ။ လွှန်းဆွတ်လို့မို။ ။မျှော်လေရာဝယ်။ သီတာရံပတ်။ သောင်တိမ်ထပ်နှင့်။ ရှစ်ရပ်ကယ်ကိုးစုံ။ မှင်ခိုး မှုံလို့။ပစ္စုံကြူးသီ။ရိုးမချိလျက်။ဘါဝိညွှင်းညှံ့။လေခရာဘန်ဆဲမှ။

မြန်ဗပတိုလ်ဝယ်။မာန်ညှိုဆင်ဆန်းမယ်ချ။မိုးပေပ။ ။ခါသဘင်မှု။ရာဇင်ခေါင်ထိ။မြတ်ဘုန်းရှိလဲ။ပြည့်ကြီးပွဲပွန်။စာရေးတန်နှင့်။နိဗ္ဗာန်သိဝန်။ ရည်ဆုညွှန်လျက်။ လပွန်နံကာ။ တိုင်တက်ကယ်သာတော့တယ်။ခတ္တာပွင့်လှိုင်ထုံမှာ။ယရန်ရုံရာသီတင့်ရင်လှ။လွန်းသင့်ပေလှ။

## ကံရာသီတော်သလင်းလဘွဲ့။

၆။ ယရန်သာထူးတော့တယ်။သင်ဖြူးငယ်မြူစင်ဝယ်။ရေသဘင်သါညီဘွဲ့။ကံရာသီကြံမ်ဆဲပေမို့။ခါပွဲတော်။ ။ငွေမင်းငယ်နိကယ်။စန်းယုန်ဆွဲယ်မှါ။ဖြိုင်ဆွယ်ရှည်ခါ။နိအါနာနှင့်။ပြုပ္ပါပရပိုက်။ နှစ်နန်းဆိုက်လို့။ သောင်းထိုက်ကယ်သပြေ။ ပတ်ကုံးသာတွေလှတယ်။ရုံခြေမြင့်ဂန္ဓာဝယ်။ ရွှေရင်းမာကြိုင်လှိုင်မွှေးလို့။ဌက်ကျေးသဘင်နွဲ့အောင်။ကြူးဘွဲ့သံကျော်။ ။လမ္ပရာမူ။တံမြွာကြွရင့်။ နတ်မိုးလဲဝင့်မတဲ့။ ရှစ်ခွင့်ကိုးရုံ။ ဆယ်ရပ်ခြုံလို့။ဝိဇ္ဇုံမလွှာ။လျှပ်မီးဝါနှင့်။ကျိုတ်ပါရှက်ဆင်။ ရှိုသက်တင်လဲ။မှင်ခဝဲလို။ တခဲညှိုလို့။ ပြိုဇရုပ်မှု။ သဲဘွင်သာဆူလှကြည့်။ ထွာက်ကူငယ်ဆောဲသည်။ဖြေသော်ဆွေးမဲ့သု။ဆွေးစေခွင့်။ ။သည်ချိန်ခါဝယ်။ဇနာဒိပ။သောင်းနတ်လဲခပေတဲ့။ နရငယ်သျှောင်ပံ။ရေနန်း စံလို့။ ဗိမ္မာန်သိင်္ဂါ။ လောင်းရွှေတာနှင့်။ ကဥ္စနာရောင်။မျက်ကိုးတောင်မှာ။ နတ်ခေါင်တင့်ပာန်။ ရှစ်သောင်း ရံလျက်။တမွတ်ိပုံ။ ညီလာရုံဝယ်။ယရန်သာစွ။ သစ်ပင်လမှာ။ အမရရွှေမြေ။ သာပေါင်းတွေလို့။ သပြေရွှန်နှုံညာ။ ရုံဂနိုင်သာတုံးမို့။ သိတာပြည့် ကမ်းဆိုင်ဝယ်။ တမ်း ရွှေခိုင်ကြွလု ဆဲတွင်မှ။ သဲညွတ်ပေသင့်။

## တူရာသီသီတင်းကျွတ်လဘွဲ့။

၇။ ဝါရွက်သါ ရွှန်းတော့တယ်။နွေခွန်းငယ်ချိန်မှိမှါ။တူရာသီ

ခါနယ်နှင့်။ သာစဘွယ်တိမ်ယန်က။ စိန်ပြတန်ပုံသစ်မတဲ့။ ရွှေ
ရစ်ဆင်။ ။ထက်နန်းငယ်ဝေဟာ။ ဘွေအာကာဝယ်။ စန္ဒာလ
ဖြတ်။ငွေမင်းနတ်နှင့်။ တည့်မတ်ကယ်စံညီ။သဝဏ်လဲ။ ယှဉ်မှိ
ဖြိုင်တူ။ပုဏ္ဏာမိမူဆဲမှ။ ကျွန်ဇမ္ဗူ။မြန့်မြေမှာ။ သာစတွေယဉ်နယ်
လှိုင်းပြန်ခဲ့။ ရှုတိုင်းရွှေဘွင်နူးပါဘိ။ထူးတဲ့ဗျာအင်။ ။ရာဇသိန်
မူ။နဂိန္ဒာနတ်။စောဥက္ကာဌ်လဲ။ ရက်မြတ်ကယ်ဇေယာ။ စံညီလာ
နှင့်။လွှတ်ညါသဘင်။ပွဲကြီးယင်၍။ရွှေဆင်ငွေမြင်း။ရုံခဘင်းဖြင့်။
လှေသင်းတိုက်ကျီ။ သုန္ဒရီဝယ်။ မဟီမြေနေ။ မိနတ်ဆွေကို။ မြ
ကေဘန်ကြာ။ရေမန္ဒါလဲ။ဆယ်ဖြာစီးဟုန်။မေဒနီတုန်ကော်င်းငဲ့။
ဘုံတခွင်မူ။ ကုန်စင်သိုရေးချ။မပိုင်ခဲ့။ ။ထိန်ထိန်ငယ်ပြောင်
သည့်။ မှော်င်နဗေထိ။ လင်းရောင်ညိုနှင့်။အဂ္ဂိမလ္လာ။ ရွှေဥပါလဲ။
အာကာနန်းနယ်။လောင်လိဘွယ်တိ။ လျှပ်နှယ်လိုလို။မြေဗဟိုလ်
လဲ။ မြင့်မိုရ်သာခေါင်။ ရာဇတောင်က။ ထောင်ဆိမ်းဝါ။ ခါပွဲ
တော်သာတုံးမို့။ငါးကြာပွင့်မှုံလျှံဝယ်။ဂုံဂမန်ကြိုင်လှိုင်လဝယ်
မှ။လွန်းစတွေဘွဲ့။

## ဖြိဿာရာသီတန်ဆောင်ရန်းလဘွဲ့။

ဂ။ မြူအဆိုင်းငယ်မှ။မျှော်တိုင်းငယ်ရှစ်တန်မှာ။လေမြောက်
ပြန်သုံသုံနှင့်။ မှုံမှုံစိန်ရည်သို့။ တိမ်အတည်။ ကြည်လင်း ပါဘိ။
ရှည့်ညှင်းချိန်။ ။ထက်ဝန်းငယ် အာကာ။ မြင့်သွန်းငယ် သာ
သည်။ကတ္တိကာမြတ်။ သောင်တာနတ်နှင့်။ပြာသာဒ် ကယ်ယုန်
ပျံ။ ပုဏ္ဏမာစံဆဲမှ။ ဘဒ်အာဒိစက်ချိဝယ်။ ပြင်ဗာဟိအရဉ်ကွန့်
မယ်တဲ့။ မိုးညွှန့်တသိန်။ ။ရဂုံမြိုင်မူထုံလှိုင်ညာနွဲ့။ပန်းခပဲနှင့်။
ခဝဲရွှေခိုင်။ရာသီပိုင်လို့။ဂနိုင်ညွတ်စေ။ ဘွတ်မူးဝေမျှ။ကြည်းရေ
တောတောင်။သာမောဘွယ်ဆောင်လှကြည့်။ ပူဓောင်ငယ်မှိန်
သဉ်။ချိန်ချိန်ခိုဆဲခေတ်ကိုတဲ့။ ။ဟေမန်ခါဝယ်။တေဇာလျှံညီ။
ဘူပတိလဲ။ နန်းကြီးဥသျှောင်။ လှူတန်ဆောင်ဖြင့်။ နတ်ခေါင်နိုး
ချိန်ပွဲလသိန်နှင့်။ကထိန်ညတ်ဆင်။ သည်ခါတွင်မူ။သဘင်ချိန်ခါ။

ပြည့်လုံးပဲ သာတော့တယ်။ ပူဇျာချွဲ သလွန်ဝယ်။ ဟောမန်စွန်
သည်ရတုတွင်မှ။ဆွေးလုပေဘွဲ့။

## ဓနုရာသီနတ်တော်လဘွဲ့။

၉။ မြိုင်ခဘင်းဝယ်မှ။ကြိုင်သင်းငယ်ထုံရှည်မှာ။ဖြူဝါခြည်စိန်
မှုံသို့။ခိုင်ညွှာရုံဂေါ်အင်မူ။ငုံသဇင်ပင်မြင့်ထက်။ ယည်တင့်ဟန်။
နယ်လှိုင်းပြန်တော့မတဲ့။ရွှေသိုင်းပိုင်။ ။မြေတို့ငယ်မစို။ရေမလို
သည်။ မိုဃ်းကိုမလင့်။ လေညှင်းဝင့်လျှင်လ။ နှင်းနှင့်လျော်စွာ။
သည်မလွှာကို၊သိဂ်ါရဝေ။ ရွှေနန်းနေတို့၊မြကေသိတော်။ ဆင်
တိုင်းဘဲလျော်လှတယ်။မော်သိမြင့်အာကာမှာ။ စန္ဒာရာယုန်မင်း
စန်းငယ်နှင့်။လင့်မြန်းပုဏ္ဏာဝန်းပေမို့။ထွန်းလရောင်ဆိုင်၊ ။သည်
ခါမှိုဝယ်။မိဂသိမြတ်။တည့်ပွန်းမတ်လို့။သောင်းရပ်ကယ်ခေါင်
တင်။ဘဝရှင်လဲ။သဘင်ရှုခါ။ညဉ့်ညီလာမူ။မဟာပိန္နဲ့။ ရထားဆွဲ
နှင့်။ မြန်နှုံကြဲရွှေငွေ။ သိုက်မိုးစွေလို့။ ယူစေမျှားပုံ။ တရားထုံ၍။
ပါရဂူဏ်ပြောင်။ မြဟွာဘန်ခေါင်ဆဲမှ။ လေးရောင်ငယ် ပြိုင်
သည်။မဏ္ဍိုင်တောင်မြင့်မိုရ်လကျာက။ ။မြို့ရဂုံဝယ်။အစုံသါ
နဲ့။ ရေယမုန်မှာ။တပုံကဲလို့။ဌက်ပွဲငယ်မောင်နှံ့။ သောင်ကမ်းရံ
တဲ့။ချစ်သံကြွင်နာ။ ရွှေဟာသ်ာလဲ။ မာဂထာလှယ်။ သွယ်ဥပါယ်
နှင့်။ပရိသယ်ဥာဏ်။လူနယ်သာဘန်တုံးမှ။စံသွေညွှန့်ရိဂိရိန်မှာ။
ရာဆင်တိမ်ညိုစကောင်းပါဘု ဆောင်းဥဟောမ။

## မကာရရာသီပြာသိုလဘွဲ့။

၁၀။မြရည်သါကျင်းတော့တယ်။ကျနှင်းတံတံကို။ဧကန်ထေါင်
နေနှင့်။ကဒေ့ ဒေ့ခြိုတော့။ လေးရုံသာပုံပြန်တော့မယ်ချ။ လုံဘဲ
ကို။ ။သေညှင်းငယ်မြေ်ပြန်။အာကာယံမှာ။စံငုံဏ္ဏာလှဉ့်။ယုန်
သော်တာပြည့်ရင်လှ။ဆွယ်တိတ္ထုပြိုင်။နှစ်နန်းပိုင်လို့။ ရောင်ဆိုင်
ငွေလ။ကြယ်ဖုသျှနှင့်၊ညပဟိုရ်သံ နရည်းစုံဘန်ဆဲမှ။ လွန်းရန်
ဘွဲ့ဗျာပွေအေါင်။ချိန်ဟောမန်သည်ရတုမှါမ။ဆွေးသုတက်ပို။ ။

Syriam

ခါသဘင်မူ။ ရာဇဝင်မှန်ပု။နတ်သမုလည်း။ ဗိုလ်တုငယ်လေးခင်။ စစ်ရေးဆင်လို့။နေသင်ဖြူဟာ။ယတြာနှင့်။ဂဇာနာပုံ။ဆိတ်မင်း ရုံလျှက်။ဂုဏ်မင်္ဂလာ။မြို့ကြီးသာ၍။လွှတ်ညာရဝေ။ တင့်မျိုးဘဲ ထွေတော့ပ။သဖြေရိုသည်။ မြလိုရည်အုံတဲ့။ကျွန်းမြေတု။ ။ ညဥ့်ပြောမန်ဝယ်။ခွါဝါနွယ်ဘွဲ့။ပြာညိုလဲ့နှင့်။နွဲ့နွဲ့ငုံတန်။စိန်ချယ် ရန်လို့။ ဝတ်ဆန်ငွေလျှော်။ သည်ပန်တော်ကို။ ညာမော်နန်းသူ။ ဆွတ်ချွေယူလျှက်။မဥ္ဇူမါလာ။ခိုင်အာသာကို။ဆန်ညွှာရုံးဝယ်။ ဘိကုံး သာသွယ်လိမ့်မယ်။ နတ်ဆွယ်သုရွှေညီမှာ။ ရွှေကေသီ လျှိုင်တဲ့ပန်းပေမို့။နန်းထိုက်ပေချ။

ကျန်ရာသီတပို့တွဲလဘွဲ့။

၁၁။ ခွါအရှင်းမှာလှ။ပြာနှင်းမှုံ့ရီဝယ်။ကုံရာသီသိန်ထူးပါဘို့။ဘုံ ဦးပွေ။ ။ဘန်နန်းငယ်ခြည်ရောင်။ဒေါင်းရွှေကောင်လဲ။တောင်သ ဟဲသီ။ စက်ဗါဟိဝယ်။ နှစ်လီအရှင် ဥတ္တရာယှဉ်ဆဲမှ။တိမ်ကဥ္စ ဝေရော်မှော်။ငွေစံတော်ယုန်သီတနှင့်။ မာဃာယှဉ်ပြိုင်တင်းပါ ဘိတယ်။မိုးမြင့်ရိပ်ဝေ။ ။မြူးသာကြွတယ်။ရဂုံမြဝတ်။နှင်းရိုစွတ် နှင့်။ခိုင်ညွှတ်ကယ်မလွှာ။ စံဖြူဟာလည်း။မျှော်ရာလွှန်းအောင်။ တောနှင့်တောင်လဲ။ ငှက်ဒေါင်းရွှေပြည်။ဇီးရိုးမည်လို့။ ဆည်မ တန့်ရာ။သို့သည်ခါဝယ်။ သင်္ကာရိုခဲ့။ရီဝါရောင်စွဲလေသို့။ ပေါက် လဲငယ်ရွှေသည်။ သင်းခွေထုံပန်းက။ ဘူးငုံဆင့်။ ။ဆဲ့နှစ်ခွေ လဲ။ ယဉ်ရေဗျာပတ်။ အိုင်နေဒါတ်ဝယ်။ မိုးရပ်ကယ်သီခေါင်။ ငါးလုံးတောင်မှ။ယဉ်အောင်မထွာ။ဆီးကာသာလဲ။ လကျာရစ် ခွေ။ရင်ကလေသည်။သွန်းချွေသုံသုံ။ဩဘွယ်သါကြိုတော့တယ်။ ကောတုံညွှန့်တိမ်ယံကို။ကြန်ကဝေ့ထုသော်လဲ။နွေးတုမသင့်။

မိန်ရာသီတပေါင်းလဘွဲ့။

၁၂။ရွက်ကျင်သာရောင်းတော့။တပေါင်းချိန်ခွေမှာ။မိန်သရေ သိန်းထိုက်ပါဘိ။ ရွှေကိုက်ရုံ။ ။ရေဘက်ကြူးဆိုင်။ သာနည်း

ငယ်လိုင်သည်။ ဂန္ဓိုင်ဘွေဦး။ စုံရဂုံထူးမတဲ့။ ငုံဘူးငယ်စိစိ။ ပ ရစ်ညှာချီဆဲမှ။သည်ပင်ဆင့်ရွှေလှော်မှာ။ဂေါ်ဇင်ကျန်ပန့်တော် ကြွင်းငယ်နှင့်။ အင်ကြင်းကြိုင်လှိုင် မြန်းပါတိ။ မွှေးရနံ့ရုံ။ ။ ပုဏ္ဏမိဝယ်။ယုန်ဆိငွေလ။ဇဂုဏာနှင့်။သမယခါ။မိန်ဂေါဇါဝယ်။ ကဋ္ဌုနာရောင်။တိမ်ခိုးမှောင်လို့။တောင်မော်ယုဂန်။ဆိကာဘန်၍။ မြလျှံဝင်းဖွန်။ ဝေသဝန်က။ နတ်ပွန်မဏ္ဍာ။မရိုးသံသာ ဆဲမှ။ သိ လာချုံသည်။ပိဋ္ဌုံမာနန်းက။တောက်လောင်ညီ။ ။ယဉ်ယမုန် ငယ်။သုံသုံဝေတက်။သဲငွေချက်ဝယ်။ ကွန်မက်ကယ် ပိုက်ခါ။ တောင်တင်ညာလို့။ တင်ါမြစ်ယံ။ကြောင်းဆန်၍။ ဂိမ္ဘန်ခါနွေ။နှင်း ကျန်းသာ ဝေတော့တယ်။ မြေမတန့်လွမ်းရန်ကို။ ဘယ်ဘယ် ဥာဏ်တဒင်ဂငယ်နှင့်။ငြိမ်းရမယ်ထိ။

ဆဲ့နှစ်ရာသီဘွဲ့လေးချိုးကြီးပြီး၏။

---

တနည်းဆဲ့နှစ်ရာသီဘွဲ့လေးချိုးကြီးတမျိုး။

မိဿရာသီတန်ခူးလဘွဲ့။

၁။ ကွန့်ကွန့်သာဆန်းတော့တယ်။ညွန့်လန်းငယ်စုံခြေမှာ။ငုံရွှေ တံစိမ္ဗြာနှင့်။ညီလာကြယ်ဆင်တုံးမို့။ပင်လုံးလိုင်ကျွတ်ပြန်တော့ မြိုင်ညွတ်အောင်။ ။ခါမြဘုရင်။တာသဘင်မူ။သာအင်အကြူး။ ဂုဏ်ပိသေထူးပေတဲ့။ တန်ခူးငယ်ချိန်တော်။ သိန်မော်မော်ရို့။ မိန်ဇော်ဘုရင်။တိမ်အထည်မှါ။စိန်ကြည်လျှပ်နှယ်။ထပ်လို့ခြယ် တော့တယ်။ ရပ်ဆယ်ဘောင်အညိုတွင်။ ငါးခိုလာ သိလာနန်း နှင့်။ဗျာမန်းညာ။ ဂိရိန်ထိပ်မှာမှ။မှိုင်းချိပ်လို့မှောင်။ ။ဆံကျောင် ကြယ်ငယ်။ ခါဝယ်တိတ်ပြ။ စိတ္တရလဲ။ လရတနာ။ ငွေယုန်ဖျာ ကို။ပုဏ္ဏာဆက်စည်။ စုံဘူးရှည်လို့။ယုန်ကဋ္ဌနာ။ ဥကင်သာမှာ။ ဂင်္ဂါနဝဒါတ်။ရေပန်းသတ်နှင့်။မြတ်သကြြန်ခေါ်။ စံပွဲတော်ရို့။

ကံ့ကော်မှုံနှံ့။ စုံအသန့်မှာထုံဖြန့်ဝတ်ရွှေ။ ညွတ်ပစေသါးလို့။ သ
ရေငယ်ဆောင်သည်။ ရွှေရောင်ပတော်ကယ်ကမင်းမှုလေ့။ ။
ရန်မါန်ငယ်မဝန့်။ ဆဒ္ဒါန်ကွန့်သည်။ ကျွန့်ကျွန့်ကြွှရာ။ မြို့နိမ္မာဝယ်။
အတာသရစ်။ သာတဲ့ခေတ်ကို။ ကြာဖြစ်ကယ်ညှံ့ပြေ။ နန်းမှုဆွေ
လဲ့သန်းတော့မှာ။ ဆည်တတ်ရှာနှင့်။ ဗျာဝင်ထပ်ပြင်။ ဖြေမခင်
အောင်။ ရွှေဘွင်မကန်။ နွမ်းလို့တံလိမ့်မယ်။ ကျွန်းပျံကြော့သပြေ
တွင်။ မန်းရွှေမြေ။ ပြည်မကိုဋ်တွင်မှာ။ လွမ်းလိုက်ဖွေ့ဖွေ့။

## ဖြိုသာရာသီကဆုန်လဘွဲ့။

၂။ အမြိုက်သါထွန်းတော့တယ်။ ကိုက်ညွန်းငယ်ရွှေငုံမှါ။ နွေရ
ဂုံမြိုင်သစ်မို့။ ကြိုင်လှစ်ကယ်ဂန္ဓါနှင့်။ ဥါဏ်ရှာသူပုဆွေးအေါင်။
ညှိုခေးမှင်မှုံ့လို့။ ဆင်ပုံငယ်ချိန်တတ်ပါဘိတိမ်နတ်ဘုံ။ ။ဂူ
ကျန်းငယ်အင်းကန်။ လေစိငယ်ရံသည်။ လေးတန်တောင်ထူး။
လေးဘိလူးတို့။ ကွန့်မြူးငယ်စောင့်ဆောင်။ မြေရံအောင်မှာ။ ရွှေ
ညောင်သဘင်။ နန်းလေ့ငယ်ဆင်သောခါ။ သန်းခင်သူစိတ်ကြို
အောင်။ ရွှေပိဋ္ဌမာလာမွန်းလို့။ ဗျာဒွန်းရန်မနှောင့်ငယ်က။ မိုးထ
မှောင့်ညို။ ။ဝေဘာသံဝယ်။ ရွှေကမ္ဘာစ။ တိတ်ပေဟာဖြတဲ့။
ဆိုင်းလှပမာ။ ဝိသာခါနှင့်။ ဝဠါအတူ။ သိတကူလဲ။ ညီမှုဓလေ့။
စက်မွန်းငယ်မွေ့လို့။ သွန်း၍စတေ။ တကိုယ်ဆွေမှု။ ပိစေမနော။
ညွတ်ညွတ်ကယ်စောရှာနှင့်။ ဆွတ်မောငယ်စိန်ပုံ။ ဖြူဖူးဝယ်ရုံ
ကြာတယ်။ စုံပိုပိုမှာ။ မဖိုမြိုမက်လို့။ မြူးချိန်လ။ ။စမ္ပါငယ်ငွေ
သား။ ရွှေစကားနှင့်။ ချရားငယ်ထုံစွာ။ အရောင်ဝါမှု။ ဖြူပြာခိုင်
ဆင့်။ ဂနိုင်တင့်အောင်။ ကြိုင်လွင့်သင်းကြူ။ သေညှင်းယူလို့။ တ
မြူဟာဆင်။ သူရာရှင်လဲ။ ဥကင်ထွန့်တိုင်။ ဘုံရွှေဆိုင်ကို။ ဂုဏ်
ဖြိုင်မျက်လို့။ ရန်မက်ညိုနှင့်။ ဗိုလ်တချုံချုံ။ နတ်မောင်းသာညံ့တော့
တယ်။ သောင်းမလ္လသာဘုံတွင်။ တာကဆုန်ညောင်ရေသွန်းမှာ
မှ။ လွန်းထိုက်ပေလှ။

## မေခုန်ရာသီနယုန်လဘွဲ့။

၃။ အမြိုက်သါထူးတော့တယ်။ ကိုက်ဖူးငယ်ဖြာစိမ့်။ ရာသီပုံသိန်သစ်ပေ့။ ချိန်စစ်ကယ်သါလွန်မို့။ ညာတသွန်လေမေါင်းတဲ့နွေနှောင်းဝယ်။ ။အမရမည်။ အခေါင်တည်သည်။ အေါင်စည်ဖြိမ့်ရွှန်း။ ပြည်ထွန့်စွန်းမှာ။ ကျွန်းကျွန်းသခင်။ လွန်းရေးဆင်လို့။ ထွန်မင်္ဂလာ။ တဇေယါဖြင့်။ ရွှေစာတော်ပြန်။ စလေ့ငယ်ဖန်သေါခါ။ ရှစ်တန်လုံးအညှိမှာ။ ငါးခိုရာဂိရိန်နန်းငယ်နှင့်။ စိန်မန်းမော်ဗယိုလ်ထိပ်မှာမှ။ မှိုင်းချိုပ်လို့ချယ်။ ။ဇတါယံဝယ်။ ယုန်ပျံလစက်နဂါ့ချက်လဲ။ ပလျက်ကယ်ယှဉ်ကာ။ ကေဝန္နာနှင့်။ စမ္ဗာစမ္ဗိ။ ပွင့်ချင်းညီလျှင်။ သိင်္ဂိအရောင်။ ဖက်နှံ့လျှေါင်လို့။ တသေါင်ငယ်မြဆိုင်။ ဖြန့်ခရိုင်မှာ။ တန့်နိုင်ဘဲကို။ မလွန်းဘဲဆိုလိမ့်မယ်။ ကျွန်းညှိညံ့ခဲ။ ပြန်မှုလဲမှာ။ ရက်ဝဲငယ်မြဘုံ။ ရေရှူးဘဲသုံပေတဲ့။ နယုန်နယ်ကို။ ဘုံကြွယ်ပွေကောတုံ့နှင်းလှိုင်က။ ။ခြောက်ဆိုင်ငယ်လှစ်ထွန်း။ ကသစ်ကွန်းတက်။ ရှစ်ဝန်းငဖြူယ်ပိုင်။ ညာဥကိုင်နှင့်။ ဖြိုင်းသရေကြွယ်။ နှုန်းတဲ့မယ်လဲ။ ဘုံလှယ်ချုံဖျား။ တုံ့မနားဘဲ။ ဖြန့်ဗျားငယ်လွန်မို။ နောင်နဲ့ကြို့လို့။ သို့ဖြိုတတ်ရှာ။ မိုးသဉ္ဇာမှာ။ ဆင်ဗျာ ထပ်နှောင်။ ဆွတ်ဖြန်း တော် ရောင်ချည့် မယ်။ မာန်ထောင်တော့ငိုကာကို။ တညီလာရွှေရန်ရိုးငယ်က။ မိုးချုံ့ချိန်လ။

## ကြကန့်ရာသီဝါဆိုလဘွဲ့။

၄။ နတ်ခက်ဆဲပေမို့။ ငှက်ပွဲငယ်ချုံမေါ်မှါ။ မြူးပျော်စုံခိုအေါင်းလို့ညှို့မေါင်းမှိုင်ခြေက။ ခိုင်ရွှေတန်သိန်မြူးတဲ့ချိန်မှူးကို။ ။ပြာသါဒ်ကယ်ဖြိုးဖွန်။ မျက်ကိုးငယ်ပြွန်သည်။ မိုးစွန်တိမ်ရောက်။ စံဗိမာန်ပေါက်ပေမို့။ နတ်ခြံကယ်ဥာန်ဝင်။ မှတ်ကျူးဘဲထင်ရတယ်ဥကာသ်ဘုံပျံမှာ။ လွန်းထည့်သိန်အချိန်စိအောင်ထင့်။ မြတ်ထိလို။ ဂုရုပ်ကယ်က။ ဘိန်းပတ်ချုံညှို။ ၊ငါးမင်းတောင်ငယ်။ အောင်ဗျာတော်ရ၊ မာန်မေါ်ကလဲ။ ပေါက္ခရသာ။ လမ္ဘရာကို။ သိံသာနှိုး

ကြည်။ကျိုးတဲ့ချည်နှင့်။ ရိုးစည်နတ်စက်၊လျှပ်မိုးငယ်ထွက်လို့။
ဘဝဂ်ကယ်လျှံအောင်။ မြဲမြဲမ်းသာ ဆောင်တော့ပ။ မှင်တောင်
ငယ်ပြိုသည်။ဝါဆိုယဉ်မျိုးရသဘင်ဘွဲ့။ ။တါရာကျဥ္ဇ။စန်းယုန်
လနှင့်။ဆင်မလှမ်းဟန်။ပြုပ္ပါသန်လဲ။ဟုတ်မှန်တည့်ပွန်း။ တရှည့်
ထွန်းချိန်ရို့။ လွန်းသည် ထက်လွန်။ ဗျာတဝန်ကို။ ဇာကွန်လေ
သောက်။ သံရွှေမှောက်က။ နတ်အောင်ကယ်မဟူ။ ႏွဲကြာသူ
လဲ။ညွတ်မူသာစေ။ဆွတ်ဖြန်းကျွေချည့်မည်။ ကမ်းရေပြည့်သာ
ခေါင်မှာ။တောတောင်ရုံ၊ရဂုံစိမ်းပါဘိ။ရှိမ်းအပ်စိုလှဲ့။

သိပတ်ရာသီဝါခေါင်လဘွဲ့။

၅။ လပ်လပ်သာရှိမ်းတော့တယ်။ ဘန်စိမ်းခုံသာလျှင်။တုံ
ညာမောင်ရွှေဆိုင်က။ ခွေယိုင်ငယ်ကြည်နူးအောင်။ ရည်ရူးမာန်
ဂုဏ်နှင့်။အမွှန်ဆွေဆင်မျိုးလာလှ။မှင်ခိုးနယ်။ ။သင်တိုင်းငယ်
ရစ်ရုံ။ညိုလျှံခြုံသည်။ဆန်ရန်ငြိမ့်ငြိမ့်။ညိုးညိုးငြိမ့်နှင့်။ တိမ့်အတိ
စေ။အခွေခွေမှာ။ ရွှေမဏ္ဍာဂိ။နတ်နဒီက။မြတ်သိတာဝှန်။ စောင်း
လို့ဘဲသွန်သထင့်။နှောင်စွန်မဲ့ထူလည်ကို။ ကြိုယူတော်ဖြေမညွှန့်
နိုင်နှင့်။ရွှေဝန်းညီလာညွှန့်မှာမှ။ဆွေးဝံ့ထပ်ဘွယ်။ ။သရဝန်
ငယ်၊စိန်ချွန်စဉ်းသွား။ စိုင်ပစ်မြွားနှင့်။ရထားယုန်လ။ သိန္ဓုဝတို့။
ချိန်မှုပြန်ဘိ။တည့်ပွန်းညီလို့။ကတ္တရိဝါ။ငွေခတ္တာလဲ။ထုံစွာသင်း
လျှက်။သိပတ်မင်းစက်ပေမို့။ကြည်းဘက်ကယ်ရေရုံ။ကြက်သရေ
ရုံလှချည့်။ထုံကြွယ်ကြွယ်ငယ်။ဘယ်ရာသီခေတ်မှာမှ။စံမရှိ။ ။
သိခေါင်ငယ်မြင့်ငွါး။ စိုင်နှင့်ဖါးမူ။ နဂါးငယ်နလံ။ မော်ကိုးတံ
ဟု။မြလျှံမောင်းညို့။တောင်ပေါင်းတို့က။ရစ်ကြို့ငယ်ထွက်ပြွန်။
သို့တါပွန်လဲ။တံခွန်တီးတီး။သဉ်သို့သာစီးပေတဲ့။ကန်ကြီးငယ်
ဝဲယါ။ခြံဝန်းကာလို့။ညာမဏ္ဍာလိတ်။မန်းဗျာဒိတ်က။ ရစ်ကြို့ငယ်
ထွက်ပြွန်။သိခါပွန်လဲ။မြရိပ်ကယ်ပြိုပြို။နစ္စဂိနှင့်။တိမ်ပန်းချိုငို။တ
ကွက်ကယ် ညိုမိလျှင်။ သဲဖိုတဲ့ ဗျာနှောင်တွင်။ ကြာညောင်စံ။
တြွေမြွေကျွန်းရှာလိမ့်မယ်။လွန်းရပတိ။

## ကံရာသီတော်သလင်းလဘွဲ့။

၆။ ဘပ်ဘပ်သါစိမ်းတော့တယ်။ခပ်သိမ်းငယ်ပင်အုံမှာ။ဆင်ငုံတံစိဖျာနှင့်။ ရာသီတော်ကံရက်မို့။ ဘန်ရက်ကယ်တွေဆန်းပေ့။ရွှေထန်းညာကြွေကျလို့။မြေခသော်။ ။သင်ပြူးငယ်မြရောင်ရေယဉ်မြောင်ဝယ်။ရွှေဘေါင်ရွှေလှေ။သန်းကုဋေနှင့်။မင်းနေမဝေး။ မြတက်သေးမှာ။ တက်လေးငယ်တက်မြန်။နန်းချင်းညံ့လို့။ ဆဒ္ဒန်သခင်။ အောင်ပွဲတော် ယင်ဆဲမို့။ ရှစ်ခွင်ပြန့်မှင်ချုံတွင်။စိန်လျှပ်ရုံလောင်လုလင်းသည့်နှင့်။ တောင်မင်းရွှေမှင်မှိတ်မှာမှ။ကြူးခြိမ့်ထပ်ဆော်။ ။ထုံဂန္ဓာငယ်။ ရင်းမာကြိုင်ဝတ်။မြိုင်လုံးငယ်ညွတ်လျှင်။ဘုံထွန်းကယ်တိမ်လယ်။မဏ္ဍိုင်ကြွယ်မှူ။ပြိုင်ဆွယ်မရိုင်း။ ရွှေဥပြိုင်းနှင့်။ ကသိဏ်းငယ်ငွေယုန်။ နဝင်းဆုံလို့။ သင်းထုံသရစ်။ တဆဲ့နှစ်တွင်။ သစ်သစ်ငယ်သဘင်။လဘုရင်ကြီးမို့။ပဋ္ဌင်သံကျော်သည်။ တောင်တော်ရွှေငါးကာ။စည်တမျှောင့်။ ။စိန်ကြာငယ်ညောင်ချက်။ လရောင်မျက်မှာ။ မြသက်ကယ်ကြင်ဆွေ။နည်းတဲ့မေလဲ။ကြည်းရေရတု။မျက်မာန်ရှုတိုင်းပင်။ သံသုမောက်ဝယ်။ဖြားသွယ်သွယ်ကို။ ရာဆယ်ပြန်ပို။သစ်လွန်တော်ကြို့ချည့်မယ်။ ကုဏ္ဍိုကင်းသည့်ချိန်တွင်။ဖန်ရဝိန်ကံစံရို့ငယ်က။ညို့ညို့တထောင့်။

## တူရာသီသီတင်းကျွတ်လဘွဲ့။

၇။ သံဝါကျွတ်ပေရို့။သာလွတ်ကယ်ရုံရန်မှာ။ ထုံဂန္ဓာဆင်သစ်လို့။ မှင်ရစ်တံကူဆက်ပေတဲ့။ တူစက်ကို။ ။သိဟငယ်ရိပ်မြို့။ ပလ္လင်ခုံမှာ။ ရုံညာတော်မြတ်။ ကမ္ဘုနတ်နှင့်။ ဥက္ကာဋ္ဌကယ်ထါးတင်။ဆဒ္ဒန်ရှင်လဲ။ရာဇင်ဦးပန်။ ရှိပူဇော်ခံဆဲရို့။ငါးစံတဲ့သာဂိန်မှာ။ ဗျာဂိရိန်စိန်မြေမန်းခွင်က။ တိမ်ဆံမှင်ဝင်ဂဝုတ်ကယ်နှင့်။စိမ်းချုပ်လို့ညို။ ။ခုနစ်ထိငယ်။ ဂန္တိရဏ္ဍ။ မြတ်ခမ္ဘကို။ ကောဝိလအောက်။ ကမ္ဘုကျောက်တဲ့။မိန့်မြောက်ပြီးလတ်။

ပြည့်သိန်စာတ်သို့။ မြင့်မြတ်ကယ် ဘုန်းစည်။ စက်ဘွားတော်
လည်ချိန်မို့။ ငါးမည်ကြာမျိုး။ ရန့်ငယ်ဖြိုးလို့။ ဖြန့်မိုးငယ်ယည်
ဿီ။သာဝနီနှင့်။သီတကျူပြန်။ တည့်ပွန်းသာစံတော့ပ။ မြန်ဗဟိုလ်
ငယ်။ မြင့်မိုရ်ရွှေမီးတောင့်သဘင်ငြိမ့်။ ။သေခွေငယ်ခတ်
နှိပ်။ နတ်တဆိပ်နှင့်။ မြမိတ်ကယ်နေခင်ကြည်။ ယုံညွှာသည်မှု။
တဉ်ကာသီဖြစ်။ထုံးစနစ်တဲ့။ထုံးသစ်နှင့်လျှောင်။သင်တဲ့ညောင်
က။ညွှင်းရောင်ခြေမြွေ။ ခြံသန်းရွှေမှာ။ဝေ့တဖန်ဖန်။ မြွက်ညွှန်း
တော်ဘန့်လိမ့်မယ်။ လွန်းစန္ဒဗျာသိန်ကို။ ကြာညိမ်ပျော် ကြိမ
မြောက်နိုင်လို့။နွမ်းနောက်ပေလိမ့်။

## ဖြိဿာရာသီတန်ဆောင်မုန်းလဘွဲ့။

၈။ စိမ့်စိမ့်သာသွင်းတော့တယ်။ ငြိမ့်ညှင်းငယ် ပေါမန်
ကို။လေပြန်ငယ်ဆင်မြူးလျှင်။ ပြင်ဦးငွေခုံက။ ဆွေ့စုံရုံခေါ်သွေး
လို့။ပျော်ရေးနှံ့။သက်ကာနှင့်။ဖန်ချက်ပို။ ။မယ်စောငယ်ရင့်
ရှု။ သည့်သံမြူလျှင်။ လူသူသကဲ့။ မောင်ယူတဲ့နှင့်။ ကြူနွဲ့ကြိုကြို။
ဌက်ပွဲစုံခံသောခါ။ ဗိမာန်ကြီးဘုမိန်မှာ။ လှူကထိန်တန်ဆောင်
ထွန်းသည်နှင့်။မှောင်ကျွန်းခြည်လျှံကွန့်ပါဘိ။မိုးညွှန့်ဗဟိုလ်။ ။
ဖွေ့တိမ်ယည်ဝယ်။ ရွှေစည့်တိပ်။ကြယ်ဖျောက်ဆိပ်နှင့်။ ဘိတ်
ဘိတ်ငွေလ။ရွှေကြီးပတဲ့။ သရဇခါ။နန်းမြေတာမှာ။ ဒေဝါဒေဝီ။
ဆဲ့ငါသီကို။ထုံးမှီမယွင်း။ ပသငယ်ကျောင်းလို့။ မင်းမင်း ဿခင်။
အောင်မြို့တော် ငင်ဆဲမို့။ ပဥ္စင်ကြိုးဆင့်။ တပိုးငယ်ပင့်လို့။ ဖြိုး
ဖြင့်ငယ်သီခေါင်။ ညာမန်းတောင်က။ ဆန်းခေါင်ငယ်ပိုသည်။
အညိုချယ်အားပေ့နတ်အမွှာ။ ။တန်ဆောင်ငယ်နိတ်ပျပ်။ဆဲ့
နှစ်ထပ်ဝယ်။ရဟာတ်ယဉ်ပျံ။သူရကံမှု။စံဗါဟိညွှန့်။ ပြင်လမ်းဆိ
ကွန့်ဆဲမှ။ပုဇွန်လက်စဉ်။ယွန်းတမည်နှင့်။ရည်တခြိမ့်ခြိမ့်။စက်
မီးငယ်ထိန့်သောခါ။ မျက်စိနှံ့မြို့ ကြာညောင်မှာ။ ဗျာနှောင်ကို
မြေသော်ကင်းလျှင်လှ။ဂှင်းလို့မကြို။

## မေထုန်ရာသီနတ်တော်လဘွဲ့။

၉။ ကြဲမခွဲနိုင်ဘူ့။မာန်ပွဲတော်ဝေယန်မှာ။ မြေမြန်ချာညာ တိုင်လို့။ ဗျာလှိုင်ပုံချယ်သစ်မယ်ရို့တဲ့။ နတ်ရှစ်မည်ငွေနှင်းက။ လေညှင်းလှောင်။ ။ဗြဟ္မာသဘင်။ပဝေငယ်ဆင်သည်။ရွှေပြင် ရုံထပ်။ လအမြတ်ပေမို့။ပြာသာဒ်ဗိတ်မာန်။ ဒေါင်းရင်ပျံထက်။ တစံ့ခွဲးခွဲး။ နတ်ပိန္နဲကို။ နန်းပွဲငယ်တက္ကိ။ တရင်တော်သိတော့ တယ်။ခါနီလအထုံမှါ။မုံသိဂ်ါသဇင်သင်းသည့်နှင့်။ကြွင်ခင်းကံ မမြောက်သူတို့။ ဆွေးနောက်သိအောင်။ ။ရေတပြင်ဝယ်။ ဆွေခင်မောင်ဘွဲ့။ မယ်မနွဲ့နှင့်။ကယ်ကဲ့ခြင်းရာ။လူဘာသာပင်။ ပြုဌါသံကျော်။ ငှက်နန်းပျော်က။ တိမ်ပေါ်ပျံကြွ။ စိန်စန္ဒနှင့်။ဟံ သငယ်တူပြီ။ မိဂသီတို့။ တညီးလာစုံ။ တည့်မွန်းသာဆုံဆဲမို့။ ဆွတ်ပုံငယ်ဆောင်သည်။အမှောင်ခြိမ့်တိုင်းနှင့်။မတူရ။ ။သံ ဘောင်ငယ်ရုံအုပ်။ တဝန်းငယ်ချုပ်တဲ့။သွန်းရုပ်ကယ်ဇမ္ဗူ။ မှတ် တဲ့သူလဲ။ မြတ်ယူယိမ်းချွတ်။ ညွတ်ကြိုးညွတ်အောင်။ သီးဝတ် ကယ်ရှက်လိန်။ ဆင်ဇာတိမ်ဟု။သိန်တဘောင်ဘောင်။ရုံနန်းတော် နှင့်။မာန်မော်ဗျာမိန့်။ညာအငြိမ့်မှာ။တိမ့်တန္တာယီ။ ရုပ်ရုံချီလို့။တ ဘီလာလာ။ တကွက်ကယ် ကာသော့ခါ။ လကျာ်ကျွန့်သမြေ တွင်။ဖေါ်ကွေသူဘွင်ကျွမ်းအောင်။လွန်းတဲ့ရတု။

## မကာရရာသီပြာသိုလဘွဲ့။

၁၀။ စိမ့်စိမ့်သာဇေတော့တယ်။ငြိမ့်လေးငယ်ဘွင်ရွှေမှာ။ ဆင်ဖြေရုံကျုန်ခက်ပါဘိ။ စုံဘက်လှယ်သွေယွင်းလျှင်။ ငွေနှင်း လေလုံသည့်နှင့်ခွေကြိုရုံ။ ။နီလာအဘောင်။ခွါတန်ငယ်ဆော့် လျှင်။ ပန်တော်တင့်ဆုံး။အင်ဂမုံးထက်။ ပန်းသုံးငယ်သဇင်။ရွှေ နန်းဘောင်ဝင်သောခါ။ မြစ်ပြင်ပြန့်ငွေရုံမှာ။ရွှေစုံစုံမောင်မယ် ဌက်ကယ်တို့။ တောင်ရှက်ကယ် လည်တင်မူးကာနှင့်။ တထူး ငယ်ရေရုတုက။လွန်းမှုမကံ။ ။တိမ်သွေဘုံဝယ်။ငွေယုန်စန်း

လ။ကက္ကဋလဲ။ဖုသျှင်ငယ်ရှင်ပြိုင်။တနု့န်းထိုင်လို့။ ဆိုင်ဆိုင်သဘင်
သွတ်ရင်ပြင်မှာ။စစ်အင်မကျင်း။စက်လျှင်သွင်းနှင့်။ဆင်ခင်းမြင်း
တာ။ တမြှုပ်ဟာကို။ ရာဇိန်ပြကတေ့။ ဆင်မြဲတော်လေ့ဟာမို့။
သမြေ့ဥသျှောင်။ ရွှေဘုံဆောင်လို့။ သာခေါင်ငယ် ဘန်သည်။
သကြံ့န်သိမ်ပေါင်းကျွေ့ချိန်ရတု။ ။ကြက်တဝတ်မို့။ ဆင်မ
ပြိုဟု။ဆိုရို့တံထွါ။သို့ချိန်ပါကို။ မှိုန်ပြာအပွင့်။တိမ်လှိုင်းဆင့်မှါ။
မှိုင်းရင့်ငယ် မှင်လို။ ခဲညိုနှင့်။ ပွဲပြို ညွှတ်အောင်။ အတောင်
တောင်တွင်။ သုံးတောင် တာထောက်။ မန်းညာ မြောက်က။
ပေါက္ခရသီ။ မြသိုဏ်းချိလို့။ရိတမှုံမှုံ။ ဆွတ်သွန်းငယ်ဆုံသော
ခါ။ သအုံသိန်ကြာညောင်မှာ။ ရှာရွှေစောင် ရာထောင်ထပ်စေ
တော့။နွေးတတ်ပေဘု။

ကျန်ရာသီတပို့တွဲလဘွဲ့။

၁၁။ ရုံသရစ်မှာလ။ ပုံသစ်ကယ်။ ချိန်ရောက်တယ်လို့။
တိမ်ပေါက်ကယ်လှိုင်လဲနှင့်။ ပြိုင်ပွဲတာလွန်မှာ။ဝါဇန်ရွှေမြို့မြန်း
တော့။နွေစို့ကို။ ။သဟာသရောင်။လျှံခြည်ငယ်ပြောင်သည်။
ဘန်ဆောင်ဘာဏု။ လယ်လမ်းကိုလုမယ်လို့။ ဇမ္ဗုတပြင်။ ခိုးမြူ
မှောင်ဆင်သောခါ။ အင်္ဂမုံးအထုံမှာ။ ငုံလက်တန်တဇင်နှောင်း
ငယ်နှင့်။ကြိုင်လှောင်းရည်ဂုဏ်မြင့်ပါဘိ။ ကြူးဆင့်ပဟိုရ်။ ။
ချိန်ရွှေကြယ်မူ။ တိမ်လယ်လမ်းမှ။နန်းမာဃနှင့်။ စန်းလှငယ်ယှန်
ဖြူ။နဝင်းကူက။ သုံးလူလုံ့ကော။ စောစိနွှေလဲ။ ရွှေပါဝိရတ်။ပြန်
တမ်းတော်ထုတ်လို။ဝိရတ္တိဥာဏ်။ဖျဖျမှန်ရို့။ဆက်ဆံမမျှ။သမ
ယတွင်။ပရမချိမ်။ကျော့ဆုံးသာကြိမ်တော့ပ။ သိန်မိုရ်ငယ်။စိန်
ညှိစန်းကွန့်သု။ဆွတ်ပုံညိမ့်။ ။တမာငုံနွဲ့။ ရုံကျေးဥလျှင်။ ရာဂ
ငယ်လှူတော်။လေးတန့်ဆော်ဆော်နှင့်။မာန်မော်ငါးမင်း။ မဏ္ဍာ
လင်းက။သံကြွင်းငယ်ရှိဟန်။ ကျန်မောပန်လို့။ မှုန်ဆံညွှန့်ယည်။
အလွန့်တည်သို့။စည်ဒုန္ဒုဘိ။ရိုက်ခြိမ်းသာချိတော့တယ်။ သိသိ
ရသဘင်ကို။မာတင်ပြောင်အစွယ်နှုန်းအောင်ပ။ထူးတဲ့အစိမ့်။

## မိန်ရာသီတပေါင်းလဘွဲ့။

၁၂။ မိန်သမိုက်ပေမို့။တိမ်တိုက်ကယ်မိလ္လာမှာ။ မှိန်ပြာ
ပြာမြူကျင်းလျှင်။ ကျူမင်းလွင်ကာခြုံလို့။ သာလာစုံ ထုံသောက်
သည်နှင့်။ဂုဏ်မောက်သော်။ ။ပဂှိန်ငယ်မြလျှံ။ဝါရွှေငယ်ကျုံ
သည်။လေပြန်လောင်းသုတ်။ ရွက်ညောင်းငယ်ပြုတ်လို့။ ကျေး
နှုတ်ကယ်သစ်ဆင်။ပရစ်ပုံပြင်သောခါ။ချစ်ခင်မြို့ကျူမွှာလဲ။ ဘုံ
ကြာဆောင်ညောင်ရိပ်ဝဲငယ်က။ စိန်သဲရွှေဘွင်ကျွန်းသည့်နှယ်။
အလွှန်းဆယ်နန္ဒပေလိမ့်။ရမ်းဆမမြောင်။ဘာရဂုဏ်ငယ်။ ယုန်ဘုံ
ရဟာတ်။ချိန်ပြာသာဒ်တို့။တိမ်တပ်ကယ်မှန်မှန်။တည်ထွန်းစံလို့။
ဝန်းရံရွှေဘောင်။ ကြူငွေသောင်မှာ။တူမောင်ရှက်နွဲ့။ ငှက်တို့ပွဲ
လဲ။သက်ဆဲငယ်နှုံလှုံ။ စံမိတ်စုံနှင့်။ ဝသုံကြည်းရေ။ သာနည်း
ဖွေလှတယ်။နွေခါတော်ကို။ပွေမော်စိန်မန်းမော့။ငါးနှယ်က။ ။
ရွက်ကျင်ငယ်ခွေကြိုး။ဖက်ချွေမိုးတဲ့။ရေရိုးယူဆောင်။ကူးမာန်
စောင်နှင့်။ ပလောင်တောင်သာ။ ချိန်သမျှကို။စိန်မြင်ယ်လေသွန်။
ဇာနူကွန်မှာ။ရွှေပွန်သံတု။ချောပြာနူပေတဲ့။သမုတိသူ။နန်းနတ်
ဘူလဲ။မြတ်ယူမာန်နှိုင်။ ဆွတ်မြန်းတော်ပိုင်ကြည့်ပ။ ပန်းမြိုင်
ပြည့်စုံစီမှာ။ထုံရွှေဘီရွှေရင်ကတ်ကယ်တို့။ဘုန်းမြတ်ချိန်လ။

ဆဲ့နှစ်ရာသီဘွဲ့လေးချိုးကြီးပြီး၏။

---

## ဆဲ့နှစ်ရာသီဘွဲ့တေးထပ်။

## မိဿရာသီတန်းခူးလဘွဲ့။

၁။ ဆဲ့နှစ်လီဠါဒရမှာ။ ခါမိဿရာသီ။ ရင်းအစဦးချိသည်။
သတွင်မည်တန်းခူး။စိတြကြယ်ပြောင်ငယ်။ ညဥ္စသန်းခေါင်ကျ
ခါမှမြူး။ ။နေ့နှင့်ညနာရီမှာ။ သုံးဆယ်စီမကြူး။ နှစ်လုံးညီတ

Syrian Assoc

ပါဒ်ကျူးလို့။နှစ်သစ်ဦးတခါ။ ပန်းကုံကောင်ရွှေရင်ကတ်ကာမယ်တို့။ ဘူးပွင့်ချပ်စီလိုသာဖြာ။ ။တည့်သုံးဘဝါးရိပ်ဆာယာမှာ။ တူမကျွာမောင်မယ်နဲ့လို့။ မြတ်သည့်ပွဲသကြိုန်တော်။ တီးခြိမ့်ခြိမ့်ကြော်။ထိုးကမ္ဘုရိပ်ပျော်ငယ်။ခေါင်းလျှော်တော်မူမြဲထင့်လေး။

## ပြိသသရာသီကဆုန်လဘွဲ့။

၂။ ခါပြိဿကဆုန်လမှာ။ပိသာခါ့ယှဉ်မို့။ဗါတွီံသနေ့နာရှိမှာ။အင်္ဂစမ္ပါ ညဉ့်ကူး။ လေးလုံးပြည့်နှစ်ပါဒ်သွန်သည်။ မေစာဝံမိုးသံကမြူး။ ။ပန်းပတောက်မာလာငယ်။ရွှေစကာဝါပွင့်ဘူး။ နိုင်ညှာတန် ယှက်ပူးလို့။ ဆွတ်ခူးစို့ မောင်မယ်။ မြတ်စိန္တော ရှင်တော်ဗျားမှာလ။ဝပ်တွားလို့ရှိပန်ဆင်ရှယ်။ ။ဘဝါးနှစ်ချွန်းကယ်သည်။ သွင်နတ်နွယ် လုံလေးနှင့်။ မွေးနိုင်မှု မေတ္တာရေ။ သွန်းလို့မပြေ။ နွေယွန်းသစ်ဂိန်မေဝယ်။ သွန်းညောင်ရေ ပွဲပေရှင့်လေး။

## မေရန်ရာသီနယုန်လဘွဲ့။

၃။ လနယုန်မေရန္တမှာ။ ကြယ်ဇေဋ္ဌယှဉ်လာ။ ခြောက်လုံးသုံးပါဒ်ဖြာသည်။ဆစမ္ပာညဉ့်တွင်း။ဇာတြိနေ့နာရှိမှာ။ညာဏ်ဇာနီမျိုးမှန်ကလင်း။ ။မြတ်လေးပွင့်ငွေစမ္ပာယ်ငယ်။ ရှစ်ရပ်နယ်ပျံ့သင်း။ရိပ်ဆာယာဇေက်ကြွင်းမို့။ မြတ်ရှင်ရင်းသဃ်ာ။ သုခမ္ပာသာလာယမှာတဲ့။ မေးဖြေကြသူ့တက်ကားငါ။ ။သည်တော့မှ မြညှာငယ်။ ရွှေဘူးစာနိုင်နိုင် မြဲရအောင်။ စာပွဲတော်သည့်သဘင်။ဦးရှိပန်ဆင်။နတ်မာဿသေနင်ငယ်။ပြင်ဆင်တော်မူမြဲထင့်လေး။

## ကြိန်ရာသီဝါဆိုလဘွဲ့။

၄။ လဝါဆိုမည်နာမ။ ကရကဋ္ဌရာသီ။ ကိုးလုံးပြည့် ပါဒ်

သုံးမှိသည်။ ဓောစမ္မိ ညဉ့်ကျူး။ ဆတ္တိံ သနေ့နာရီမှာ။ အာသျှဠ္ဌိ
မိုးလယ်ကမြူး။ ။ဘဝါးသုညမပေါ်။ပဉ္စင်းတော်အဝူး။ညတ်
ကမ္ဘဝါယှဉ်ပူးလို့။သိမ်တော်ဦးအလယ်။ သာသနာဆင့်ဆင့်တိုး
အောင်လို့။ကြိုးစားကြမြတ်သာကီနွယ်။ ။ရဝေကြော့ဘုံလယ်
မှာ။ ယဉ်စမ္ပာယ်ပင်ကိုထွားငယ်တို့။ မြတ်ဘားယား ဆံကေ
သာရှန်းတင်လို့သာ။ပုန်းညက်ပွင့်မာလာငယ်။ဆင်တော်ရာပန်း
ပေရှင့်လေး။

## သိဟ်ရာသီဝါခေါင်လဘွဲ့။

၅။ သိဟ်ရာသီဝါခေါင်လမှာ။သရဝဏ္ဏတူညီ။ ဆဲ့တလုံး
တပါဒ် ချိသည်။ ဆစမ္မိ ညဉ့်ကျူး။ ဓောတြိ နေ့နာရီမှာ။ သံစုံချိ
မိုးတွေကမြူး။ ။ခတ္တာပန်းမိုးစွေငယ်။ညှာတန်ရွှေပွင့်ဘူး။ရိပ်
ဆာယာ ဇော်ကြူးလို့။ ပွဲတော်ဦးသဘင်။ စာရေးတန် စိမံကြ။
ဆန်းနိုင်မျှ သည်ရာသီတွင်။ ။လေးနတ္တနယ်ခွင်မှာ။ တို့မခင်
စံပြိုင်မဲ့သူမို့။စာဘွဲ့လိုမပြည့်စုံ။နန်းကြာရိပ်လှုံ။ မိုးဝသာအမွှန်
ငယ်။မာန်တဂုဏ်ပြိုးပြန်ရှင့်လေး။

## ကန်ရာသီတော်သလင်းလဘွဲ့။

၆။ ကန်ရာသီအမည်ရ။သစ်ဆင်လမာသာ။ သတ္တဘိသျှ
ကြယ်မဟာငယ်။တူမကွာယှဉ်သုံး။ ဗာတ္တိံ သနေ့နာရီမှာ။ အဌ
စမ္မိ ညညဉ့်မှန်ငဲ့ဘုန်း။ ။ဆဲ့သုံးလုံးနှစ်ပါဒ်လွန်သည်။စည်ပုဇ္ဇန်
ခေတ်တုန်း။ ပန်းရင်းမာညှာချိရှန်းလို့။ ပွင့်ကြတုန်းအခါ။ တေး
တျာသံပြိုင်ချီးပါလို့။ဟီးတိုက်ကြသုတက်ကားငါ။ ။ဘဝါးနှစ်
ခုစွန်းခါဝယ်။ များသေနာ ဗိုလ်ပေါင်းနှင့်။ အောင်မောင်းစည်
တော်စင်။တီးခြိမ့်ခြိမ့်ပင်။ လေးကျွန်းလုံးထိပ်တင်ငယ်။ ရေသ
ဘင်စံမြဲရှင့်လေး။

## တန်ခူးရာသီသီတင်းကျွတ်လဘွဲ့။

၇။ သောင်းဩပါထိန်ညီးအောင်။ ထွန်းဆိမ်မိုးရောင်ညီ။ သီ
တင်းကျွတ် တန်ခူးရာသီမှာ။ အာသဝဏီကြွယ်မင်း။ နေ့နှင့်ညနာရီ
မှာ။ သုံးဆယ်စီမြဲမှန်ဘိခြင်း။ ။၁၅ လုံး ၃ ပါဒ်မှိတွင်။ကြာငါး
မည့်ကြိုင်သင်း။ ရာထီးပိုင်ဘုရင်မင်းတို့။ မြေနန်းရင်းပဟိုရ်။ ရွှေ
မြင့်မိုရ်ရတောင်တော်ပွဲကိုတဲ့။ ခြိမ့်သဲအောင်ထွက်စံမြဲကို။ ။
တည့်သုံးဘွား ရိပ်ခိုဝယ်။ ယဉ်စလိုရွှေခါးချပ်ကယ်နှင့်။ အသား
မြတ်ခိုင်နှုစ်။ပန်းကြာပွင့်ငုံ။မြင်ရသူဆတ်ဆတ်တုန်သည်။ မသေ
ချုံကျန်ခဲ့ရှင့်လေး။

## ဗြိစ္ဆာရာသီတန်ဆောင်မုန်းလဘွဲ့။

၈။ မိုးဝသန်ချိန်ဆုံးလို့။တန်ဆောင်မုန်းဗြိစ္ဆာ။ ဘဝါးနှစ်ခ
စွန်းခါဝယ်။ကျွဲကြိုကာကြွယ်မင်း။ ခဲပွင့်မာလာငယ်။ သည်ချိန်
ခါမွှေးထုံပျံ့သင်း။ ။ဗာဏ္ဍိ သည၌နာရီမှာ။အင်္ဂစမ္ဗီ နေ့သွင်း။
မြောက်လေပြေဆော်ညှင်းလို့။ အမင်းမင်းရာဇာ။ ဥတ်ကထိန်
ခါသမယကိုလ။ မျှားဒါနပြုမြန်မြဲသာ။ ဆဲ့ရှစ်လုံးပါဒ်သုညာမှာ။
သံသရာနောင်အရေးကိုလ။ ထောက်တွေး ကြံဆင်ခြင်။ ကင်း
လွတ်ကြောင်းအခင်။ မြတ်ပုည ကောင်းဆွင်မှာ။ နှစ်အစဉ် ပွဲပေ
ရှင့်လေး။

## ဓနုရာသီနတ်တော်လဘွဲ့။

၉။ ဆောင်းပေါမန်ခါအလုမှာ။မြတ်ဓနုရာသီ။နတ်တော်
လသိဂ်ဝယ်။ ဆစမ္ဗီ နေ့ကူး။ ဇောတြိည၌နာရီမှာ။ မိဂသီမိုး
လယ်ကမြူး။ ။နှစ်ဆယ်ကတပါဒ်မှိသည့်။ ဘဝါးငါးလီ ရိပ်
ကြူး။ ရွှေသဇင်ပင်ပေါ် ဦးက။ ပွင့်ဖူးစစီစီ။ နတ်ဒေဝီဆိုသည့်ပွဲ
ကိုလ။ ခြိမ့်သဲအောင်ပြုမြန်တော့သည်။ ။နှင်းသတ်တဲ့ ကြာ
ချည့်မှာ။ တကိုယ်ရည်အကျန်ဆွေးစေဘို့။ နတ်ရေးတဲ့ရွှေဘူး
စာ။လွဲချက်ကနာ။ စက်မဲ့သူဝေးကွာသည့်။ ပေါင်းကြမ္မာ ကံ
ဆိုးထင့်လေး။

## မကာရရာသီပြာသိုလဘွဲ့။

၁၀။ လပြာသိုမကာရမှာ။ ကြယ်ဖုသျှယှဉ်လာ။ ဇွါဝိသ ပါဒ်နှစ်ဖြာဝယ်။ရိပ်ဆာယာခြောက်ဘဝါး။ ဆတ္တိံသညည့်နာရီ မှာ။ဇော၁စမွိ နေ့မှန်လျက်သား။ ။ထိုးတရာ့ ဥသျှောင်ငယ်။ အာဏာရောင် စက်သွား။ ရန်တကာပယ်ရှား၍။ တိမ်ညွှန့်စား မြင်းပျို။ ရိန္တမာလှံရင်စွဲပါလို့။ မြင်းခင်းပွဲ သဘင်တော်ခံ။ ။စုံ တော၁၀ မြိုင်ယံမှာ။ ဖူးပွင့်တံညွှာညီရုံးလို့။ မမဘုန်းဆင် ပါသို။ ပန်းမြစွါညို။ ကြာနန်းမြင့် ရိပ်ခိုဝယ်။ စိတ်လိုတော် မှူဘဲထင့် လေး။

## ကုံရာသီတပို့တွဲလဘွဲ့။

၁၁။ ကုံ့ရာသီ ယှဉ်နွဲ့လို့။ တပို့တွဲမာသာ။ ဇော၁ဝိသပါဒ် သုံးဖြာသည်။ ဘဝါးပဥ္စာရိပ်ကြူး။ ပေါက်လဲပွင့် မာလာငယ်။ သည်ချိန်ခါသင်းပျံ့ပျံ့မြူး။ ။ဆတ္တိံသ ညဥ့်နာရီမှာ။ ဇော၁စမွိ နေ့ကူး။စည်ခရာတံမြွာကြူးလို့၊အလှူထူးသဘင်။နှစ်အစဉ်သွေ့မ လွဲပြီဘု။မိုးပုံးပွဲသည်ရာသီတွင်။ ။ကြယ်မာဃမြူးရှင်သည်။ စန်းငွေစင် သော်တာလနှင့်။ မြနိစ္စတူမကွာ။ ပူးယှဉ်လျက်ပါ။ သန်းခေါင်ညဥ့်ချိန့်ခါဝယ်။ရှိန်အဝါထွန်းပြန်ရှင့်လေး။

## မိန်ရာသီတပေါင်းလဘွဲ့။

၁၂။ မိန်းရာသီခါပြောင်းလို့။ လတပေါင်းတူညီ။ ကြယ် ပြုဗ္ဗါ ဘရဂုဏ္ဏီ ငယ်။ ရောင်စုံခြည်ယှက်သန်း။ သတ်ဝိသပါဒ် သုညာမှာ။ဘဝါးဆာယာလေးခသို့လှမ်း။ ။ဗာတ္တိံသညဥ့်နာရီ မှာ။အဌ်စမွိ နေ့မှန်း။ ဖူးတံစီတွေဆန်းလို့။ အင်ကြင်းပန်းရွှေဘိ။ သဲစေတီတည်စမြဲပေပ။သဘင်ပွဲသည်လရာသီ။ ။ပဌမပိုဒ်အ စချီသည်။မကိုဋ်ညီဘုမ္မိုးငယ်နှင့်။မြေနှင့်မိုးအလုံးစုံ။သိမ်းပိုက်

လို့ခြုံ။ လာဘ်လာဘ ပြည့်စုံသည်။ ဇာနည်ဂုဏ် ဥာဏ်မျိုးရှင့် လေး။

## ဆဲ့နှစ်ရာသီတေးထပ်ပြီး၏။

---

## ဆဲ့နှစ်ရာသီလွမ်းချင်း။

### မိဿရာသီတန်ခူးလဘွဲ့။

၁။ ထပ်ထပ်သာ စောတော့တယ်။ မြကြော်ငယ်ရစ်သီ။ ကိုက်ဖူးငယ် စီသည်။ ပွင့်သိဂ်ီ ရွှေရင်ခတ် ကယ်တို့။ ရှစ်ရပ် ကယ်နယ်တခိုက။ ရိုလှတယ်လေး။ ။နွေခါမှိုင်ငယ်။ရာသီမိဿ။ ဂိမ္ဘန္တမို့။ စိတြကြယ်။ တိမ်ရိုးလယ်မှာ။ စမ္ပာယ်ကွန့်ကာ။ တိမ် ဘွေချာဝယ်။ ဒေသစာလှမ်း။ လှည့်လည်ငယ် မြန်းလို့။ နှစ်ဆန်း ငယ်သင်္ကြန်။သစ်သစ်သာဘန်တော့တယ်။နိုင်ငံကြော့ပြည်သူ မှာ။ပန်ဆုယူတာရေသွန်းချိန်မို့။လွမ်းလှတယ်လေး။

### ပြိဿရာသီကဆုန်လဘွဲ့။

၂။ မြူခြေငယ်စွန်းပါလို့။ နေဝန်းငယ်စက်ရှိန်။ တောက် လောင်ငယ်ထိန်သည်။ဘန်သူရိန်တေဇါကြောင့်။ပူဗျာပါကဲတဲ့ လကိုလေး။ ။ရာသီငယ်ပြိဿ။ မဟောသီလဲ။ရွှေညီခလို့။ ပန်း မြစကားဝါ။ဗိသာခါနှင့်။တာရာခြီရံ။စန်းငွေယုန်ဘန်သည့်နှယ်။ ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ။ လကဆုန်ညောင်ရေပွဲပေမို့။ သဲလှတယ် လေး။

### မေထုန်ရာသီနယုန်လဘွဲ့။

၃။ နတ်စည်ငယ်ရွန်းပါလို့။ရိုက်မွှန်းငယ်သံစုံ။ကမြူးငယ် ချန်သည်။ လနယုန်သည်ချိန်မို့။မြူတိမ်လွှာဆိုင်းပြန်တော့တယ် လေး။ ။ရာသီငယ်မေထု။ဆဲ့နှစ်လမို့။ဇေဋ္ဌပြောင်ရှိန်။တောက်

လောင်ငယ်ထိန်သည်။ ရာဇိန္ဒနုတ်။ ပိဋကတ်မှာ။ မပြတ်ကံငယ် ထွက်စံ။စာညီလာခံသော့ခါ။ဖိုလ်ခြံတဲ့ရွှေလယ်မှာ။ငွေစမ္ပာယ် ဖြူရလေးက။မွှေးလှတယ်လေး။

## ကြွန်ရာသီဝါဆိုလဘွဲ့။

၄။ ကိုးခွင်ငယ်မှိုင်းပါလို့။မြင်တိုင်းမှာတဲ့မဲညို။လဲ့လဲ့ငယ် စို။ယုဂန္ဓိုရ်တောင်မဟာက။ ပြုပ္ပါသံထွန်းတဲ့လကိုလေး။ ။ ဆင်တာရာငယ်။ရာသီကရကန်။ နရိန္ဒာလဲ။ညာတောင်နတ်နှင့်။ ဖိုလ်မြတ်ကယ်နိမ္ဗူ။အောင်ဆုယူလို့။ရှစ်ဖြူရိပ်စံ။ ပဥ္စင်းတော်ခံ သောခါ။ရေလျှံတဲ့ဝါဆိုမှာ။ ပုန်းညက်ညိုမာလာမင်းက။ သင်း လှတယ်လေး၊

## သိပ်ရာသီဝါခေါင်လဘွဲ့။

၅။ မြေခြင်ရောင်သာ ပန်းတော့တယ်။ သောင်ကမ်း ငယ် ပြည့်လျှံ။နဒီငယ်ခြံသည်။ပြည့်မင်းစံရွှေဘုံက။ အကုန်ထူးတဲ့လ ကိုလေး။ ။ရာသီသိပ်ငယ်။ နေမိန္ဒရ။ဝါခေါင်လရို့။ တောင် မျှော့ထွန်းစွန်။သရဝဏ်လဲ။ ရောင်ဝှန်တေဇာ။ ပန်းခတ္တာနှင့်။ ခိုင် ညွှာပွင့်ကြူ။ တိုင်းပြည်သူတို့။ လှူစာရေးတံ။ သဘင်စုံခံဆဲမို့။ လွမ်းရန်ဘွဲ့သည်ချိန်ကို။ ဒေဝရိန်ပဒ္မာနှမ်းငယ်ကဲ။ မြူးလှတယ် လေး။

## ကန်ရာသီတော်သလင်းလဘွဲ့။

၆။ ရေယဉ်စန်းငယ်နှင့်။ သောင်ကမ်းငယ်ပြည့်လျှံ။မြစ် လုံးငယ်ညှံသည်၊ လှော်တက်သံမြိုင်မြိုင်နှင့်။ လှေပြိုင်ကျင်းပတဲ့ လကိုလေး။ ။ကန်ရာသီငယ်။ ခါမှီသင့်စွာ။ ဘွေအာကာမှာ။ ပြုပ္ပါပရပိုက်။ကြက်ညိုနောင်။တောင်တပိုက်က။ရေလိုက်ကယ် သဘင်။စံစမ္ပာယ်ရွှင်သောခါ။ မြိုင်ခွင်လုံးကန္တာမှာ။ ရွှေရင်းမာ ပန်းတော်မင်းက။သင်းလှတယ်လေး။

တူရာသီသီတင်းကျွတ်လဘွဲ့။

၇။ လှိုင်လှိုင်သာသာသင်းတော့တယ်။ကန်မင်းငယ်နန္ဒာ။ လျှံ ဝင်းငယ်ဖြာသည့်။ပွင့်ရွှေကြာမြိုင်မြိုင်နှင့်။ကြိုင်ကြိုင်သင်းတဲ့လ ကိုလေး။ ။တူရာသီဝယ်။ အဿဝဏီကြယ်မြတ်။ကျီးမင်းသိန် လဲ။ ရောင်ရှိန်လျှပ်လို့။ သုဒ်သကယ်နန်းလို။ မီးမြင့်မိရ်နှင့်။ ဝါဆို ကင်းလွှတ်။ သတင်းကျွတ်မို့။ ဘုံထွန်းကယ်ဦးကင်။ ပွင့်စမွှယ် ရွှင်သောခါ။တိုင်းခွင်ကြီးအောင်ချာမှာ။ ဆီမီးဝါထိန်ထိန်ဝင်း လို့။လင်းလှတယ်လေး။

ဗြိစ္ဆာရာသီတန်ဆောင်မုန်းလဘွဲ့။

၈။ မြောက်လေငယ်သွင်းပါလို့။မြူနှင်းငယ်ရိုရို။မြင်တိုင်း ငယ်ပြုံသည့်။ ရွှေကျီးညိုတာရာနှင့်။ ကျတ္တိကာ ထွန်းတဲ့လကို လေး။ ။တန်ဆောင်ငယ် မာသ။ ၁၂ လတွင်။ ချမ်းမြေ့ရေင်။ ဗြိစ္ဆာခွင်သို့။ရက်ငင်ပြောင်းခွါ။ခဲညွှာလဲ။ခိုင်လွှာဝတ်မှုံ။ ရနံ့ သာထုံတော့တယ်။ ဘုန်း ဂုဏ်ကြော့သဏ္ဍိန်မှာ။ လှူကထိန်သ ဘင်ခင်းလို့။ကျင်းကြတယ်လေး။

ဓနုရာသီနတ်တော်လဘွဲ့။

၉။ ရူလေတိုင်းကိုတဲ့ ဝေမှိုင်းငယ်ဖြာဖြာ။လေညှင်းငယ် လာသည့်။ဘော်မပါတူမရုံလို့။လွှာခြုံပြေန်တော့တယ်လေး။ ။ ၁၂ ဖြာငယ်။ရာသီဓနု။ရွှေဟသ်ာလဲ၊တာရာပြုလို့။ ဓေယျုငယ် ဖြဟွာ။ဟောမန္တာရို့။မဟာပိန္နဲ။နတ်မင်းပွဲမှာ။ ကျွေးမြီပူဇော်။ လ နတ်တော်ကို။ရူမြော်တိမ်ဆီ။ မိဂသီလဲ။ခါညီပွန်းလယ်။ ထွန်း ရောင်ခြည်ချယ်သောခါ။နယ်ရွှေဝဦးကင်မှာ။ ဂမုန်းအင်သဇင် မင်းငယ်က။သင်းလှတယ်လေး။

မကာရရာသီပြာသိုလဘွဲ့။

၁၀။ တိမ်ခြေငယ် ရှင်းပါလို့။ မြူနှင်းငယ်ရိုရို။ လပြာသို

မှာ။နွယ်ခွါညှိုမြှိုင်မြှိုင်နှင့်။လှိုင်လှိုင်သင်းတဲ့လကိုလေး॥ ။ရောင်သိဂ်ီငယ်။ကြယ်ညီဖုသျှ။ မကာရမို့။ရွှေဝဦးကင်။ နန်းရင်ပြင်မှာ။ထုံရင်မြင်းခင်း။သဘင်ကျင်းလို့။ရာမင်းထွက်စံ။ ဗိုလ်ညီလာခံသောခါ။ ဆဒ္ဒန်ပိုင့်ပြောင်ပွန်မှာ။ အောင်တံခွန် တေဇာမြူးလို့။ ထူးလှတယ်လေး။

## ကျန်ရာသီတပို့တွဲလဘွဲ့။

၁၁။ ညှံ့လိုသာသဲတော့တယ်။ပေါက်လဲငယ်ပွင့်ရုံ။ ထိန်ထိန်ငယ်လျှံသည်။ဆက်ရက်သံစာစာနှင့်။ဌက်ညီလာကျင်းတဲ့လကိုလေး။ ။ကျန်ဟောမံငယ်။ သကြြန်သွင်းမြဲ။ တပို့တွဲမို့။ မင်းပွဲရွှင်ပျော်။ ယာဂုတော်နှင့်။ကြွေးကြော်ပြင်ဆင်။ လွှမ်းဘို့သာဆင်တော့တယ်။ကောင်းကင်မြင့်တိမ်ဆီမှာ။ကြယ်မာဃီရောင်စုံကျင်းလို့။လင်းလှတယ်လေး။

## မိန်ရာသီတပေါင်းလဘွဲ့။

၁၂။ မြိုင်ခြေငယ်သင်းပါလို့။အင်ကြင်းငယ်ရွှေဘီ။ဝတ်မှုံငယ်စီသည်။မြစ်နဒီသောင်တခိုက။ မောင်မယ်ညှိုမြူးပြန်တော့တယ်လေး။ ။ရာသီမိန်ငယ်။ ဂိမ္ဘန်ရက်ပြောင်း။ လတပေါင်းမို့။ရွက်ဟောင်းကြွေကာ။ ဥတ္တရာနှင့်။ကြယ်မှာပရမိုက်။ လေးချက်ချိန်ကို။ တိမ်ခြေဆိုက်လို့။ စလိုက်ကယ်ဘွေ့ရှာ။ ကိုတငါလဲ။ဘာသာတောင်တင်။ ပျော်မြူးသာရွှင်တော့တယ်။ သဘင်လခါမှိကို။သဲစေတီငွေသောင်ကမ်းက။လွှမ်းလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွှမ်းချင်းပြီး၏။

---

...uta Asso... Syriam

## ဆဲ့နှစ်ရာသီဘွဲ့ ခွန်းထောက်။

### တန်ခူးလဘွဲ့။

၁။ စိတ္တြ။ မိဿတဲ့ရာသီ။ ရွက်ချပ်ကယ် သျှောကြွေဖြန့်ချိန်ရို့။ ဇလတ်ကလေး ဂေါ်ရွှေဇင်ကန့်တို့မှာ။ ဖူးငန့်လို့ချီ။ရွှေဆံကျင်တာရာထွန်းပေလိမ့်။ ရေသွန်းတဲ့လခါမို။ အိုနာဂရိကမ္ဘာတူဘဲ။ နှစ်ဦးငယ်ပေါ်လေ့။ ဆိတ်မင်းပုံဘောင်လို့။ နေပြည်တော်စံတဲ့ကျွန်းမှာရှင်။အမယ်လေးသွန်းခိုက်ရေပွဲတဲ့မှ။ မောင်ကြီးရေလွှန်းလိုက်လေနဲ့။

### ကဆုန်လဘွဲ့။

၂။ ကဆုန်လ။ပြိဿတဲ့ရောက်လုချေ။ ဗိဿာခါရောင်ဝါလွှမ်းပါလို့။တာရာမှာတင်ငါထွန်းတယ်။လွှန်းဘွဲ့အနေ။ဥဿဘ။ ရုပ်ပုံနွားငယ်နှင့်။ စကားပွင့်မြညောင်ရေ။ အိုသပြေနှင့်မြေဇာပန်း။ ပုမျိုးငယ်ထန်လေ့။ မြူခိုးရှင့်ခါချိန်တန်လို့၊ သာဂိမ္ဗန်ပြာရိဆိုင်း တယ်ရှင်။ အမယ်မင်း။ မှိုင်းရိုလို့ သန်းတဲ့မှ။ တိုင်းစိသို့လွှမ်း။

### နယုန်လဘွဲ့။

၃။ မြဲအစုံရွှေဘုံနန်းမှာတော့။လနယုန်မေရန်ဆန်းရင်ဖြင့်။ ခိုင်ပန်းပွင့်စမ္ပာယ်ဖြူ။ ကိန္နရီမမိုကြွေးချိန်ရို့။ မြတ်လေးနွယ်ရာသီခတယ်။သင်းမြမြကြူ။ဘေးလွတ်ဘွယ်ခါခါတမိတော့။ကေဝန်ကြယ် တာရာခပါလို့။ ဇေဋ္ဌနှင့်ဖြိုင်ယှဉ်တူ။ အိုပြည်သူတို့ပျော်စမြဲ။သုဓမ္မာလေလေ့။တရားတော်ဒေသနာနှင့်။ မြတ်ရွှေစာနှစ်စဉ်မေးကြတယ်။ဇေဗျိုပွဲတဲ့မှကွယ်။ဆွေးပြေတို့ဘဲ။

### ဝါဆိုလဘွဲ့။

၄။ ကရကန့်မှာတော့။လထပ်တဲ့ဝါဆို။ လယ်ပဇွန်ရုပ်ပုံ

ထူးပါလို့။ဆင်ဆဒ္ဒန်တာရာမြူးရတယ်။ ထူးတဲ့လကို။ ပြုပ္ပါသန်ရောင်စုံခတော့။ သမ္ဗုဒ္ဓမြတ်အလို။ ဝါဆိုကြွရှင်ရဟန်း။ ထုံပျံ့ခါကြိုင်လေလေ့။မှုံသန့်ခါလှိုင်သာလှိုင်လို့။ ပုန်းညက်ခိုင်ကြူကြူ သင်းတယ်နှင့်။ ပဒ္မင်းခံသာတဲ့ပွဲကို။ လွဲလေ့တခန်းတဲ့မှာကွယ်။ သဲမြေ့မချမ်း။

## ဝါခေါင်လဘွဲ့။

၅။ သိဟ်ဝါခေါင်ရာသီစက်မှာတော့။ မိလ္လာရောင်ပြာရီ ဖက်ပါလို့။ဏ္ဍုဿြါမောင်ဝါနီရှက်တယ်။မိုးစင်းတက်လို့မော်ါင်ထက် မှောင်။ရုပ်ပုံမှာရွှေခြသေ့်ငယ်နှင့်။ထိမ်မွေ့ခါပျော်လွှန်လို့။ သရဝဏ်ရွှေကြယ်မြူးတယ်။ ထူးတဲ့ အရောင်။ စာရေးတံ သဘင်ပြု တော့ကို။ ပန်းခတ္တာမာလာနှင့်ယှဉ်နှင့်။ ကင်းဘက်မှုခေါင်ထက် ခေါင်။အိုပြည်တောင်လုံ့ခြမ်ရွှေလေး။ရွာမပေါင်လေလေ့။ ဝလာ မောင်မါန်တော်ဖြိုးပါလို့။သည်မိုးပုံလျှပ်ခြည်ဆန်းတယ်နှင့်။ အခိုးစုံပတ်လည်ကသန်းတော့တယ်။နန်းပြည်မြို့ဝေးတဲ့မှာကွယ် မှန်းရည့်လို့ဆွေး။

## တော်သလင်းလဘွဲ့။

၆။ စံဌာနီတော်အတွင်းမှာဖြင့်။ ကန်ရာသီတော်သလင်း မှာတော့။ပျော်ခင်းရှင့်ရေသဘင်။ ပြုပ္ပါဆိုကြယ်ပရပိုက်ကယ် က။တိမ်တိုက်တွင်ရောင်စုံဆိုင်းတယ်နှင့်။ ဥဖြိုးငယ်တာရာခ။ ထွန်းပရောင်ရှင်၊ သင်းဖြာဖြာ ရင်းမာဖူးခိုက်ရို့။ ရွှေကလျာက ညာမှူးငယ်တို့။ မြူးလိုက်ကြ ရွှေပြည်ခွင်။ ရုပ်သွင်က နတ်သမီး။ တိုင်းနေပြည် လေလေ့။ ခနယ်ဆောင်ရွှေစည်ပ။ ကျလျက်လည် ဆည်မတားနိုင်ဘု။မြချက်ရည့်ကြည်ကြည်တွားတယ်ရှင်။ပါး ထက်ကစီးတဲ့မှာကွယ်။မှားချက်ကကြီး။

## သီတင်းကျွတ်လဘွဲ့။

၇။ သီတင်းကျွတ်။ကင်းလွတ်တဲ့ချဖြိုဖြို။ နတ်ချိန်ခွင်ကိုင်

ကာစွဲပါလို့။ လင်းစိုစိုမြင်းမိုရ်ပွဲငယ်နှင့်။လွဲလေ့သီသီ။ သဝဏ် တူခွင်နန်းမှါလ။ကျီးကါကါတါရာဆန်းပါလို့။တိမ်ကြဲပန်းစုံအ ညီ။သုံးလီပကံလွတ်ကြောင်း။ကန်တော့ဆီ။တကြော့ကလေးဆံ ကိုဖြိုလို့။ ကန်တော့မှိုပြန်လိုက်စမ်းချင်လှ။ နန်းမြို့ရိပ်ဟောင်းကို လှ။ သေဘ်တာ။ မျှော်ပါရေဘ်ခါရမ်းရတယ်ရှင်။ လွမ်းဘို့မိတ် ပေါင်း။

## တန်ဆောင်ရန်းလဘွဲ့။

၈။ သဖြို ဿာ တန်ဆောင်ရန်းပေမို့။ မြမိတ်ကွာမရှောင် သုံးတတ်တယ်။ မောင်ဘုန်းတို့ဆန္ဒတော်။ ကင်းပုဇွန်ရုပ်ပုံနွဲပါ လို့။ခဝဲခိုင်ကျူကျူပေါ်တော့ကို။ အလှူတော်ကထိန်ပွဲပေမို့။ နွဲ ကြပျော်ပျော်။ကျတ္တိကာရောင်စုံဖြိုးပါလို့။ ကျီးကာကာတာရာ စိုးချိန်မို့။ မညှိုးတဲ့အရောင်ပေါ်။ အိုပြည့်တော်နှင့်ကွာဝေး။ သ နားတော်ခံလေ့။ နှစ်ပါးငယ်ပျော်ပျော်စံဘို့။ မေကြိုလျှင်သွေ လှန်လို့ဆန်းပြန်ပေါ့။ ဟောမန်လေပြန်ကဖျန်းတယ်ရှင်လွမ်းလှအ ဆွေးတဲ့မှကွယ်။ချမ်းစကလေး။

## နတ်တော်လဘွဲ့။

၉။ ဓနုခွင်နတ်တော်ဆန်းတော့ကို။ ဂရန်းအင်သဇင်ပန်း ငယ်နှင့်။ ရွှေနန်းမ၊လှကြေးမှုံ။ နတ်ရုပ်မှာလေးကိုင်စွဲပါလို့။ ဗိန္နဲ ငယ်မဟာပွဲသာပ။ ပျော်မြဲမင်္ဂလာမို့။ တာရာမှာဟာသ်ာထွန်း။ လွှန်းဘွဲ့အစုံ။မိဂသီရောင်စုံတင့်တော့။ ညောင်ဘုံမြင့်ရွှေရိပ်သို့ မှာ။အိုကြို့ပြန်ရလေနဲ့။ဝပြောငယ်စည်လေလေ့။မြကောဒုံစိန်ရ ထည်နှင့်။ ရွှေပြည့်နှစ်ကိုယ်လွမ်းပါကလ။ ခမျှားမှာ တကိုယ် တန်းပါမို့။ညောင်သင်မှာ။ မောင်ခင်ချမ်းရှာလိမ့်မယ်။ ခွမ်းဘို့ သံညှိသဲတဲ့မှ။လွမ်းလို့ကြည်ကွဲ။

## ပြာသိုလဘွဲ့။

၁၀။ မကာရဖုသျှတဲ့ကြယ်ပျံ။ သဘင်ကျင်းမြင်းခင်းခါ

ချိန်ရို့။မကာန်းစိန်ရုပ်ပုံရေးပါလို့။ မှော်ကြာမှာဘော်ကွာဝေးသူ ရို့။ အေးတဲ့ဟေမန်။ သင်းကြည်ကြည် နှင်းရည်သပါတဲ့။ ရွှေ ခြည်ကို လေပြည့်ခတော့ကို။ သည်းမြမြ စိမ့်စိမ့်လျှံ။ နှင်းထန် တဲ့ရာသီတွင်း ။ဆန်းပြာသိုလေလေ့။ တုန်ချမ်းကွယ် မိုသာမို တော့တယ်။ ပန်းခွါညှိုပေါ်တဲ့ခိုက်ကိုလ။ နန်းလျှာကို လာလို့ ပိုက်လှဲ့ပ။ချစ်တဲ့သူငယ်ကြိုက်ကိုဗျာ။လွမ်းလိုက်လေခြင်း။

## တပို့တွဲလဘွဲ့။

၁၁။ ထိန်ထိန်လင်း။ချိန်စင်းတဲ့တာရာ။တပို့တွဲပေါက်လဲ ငုံကာစီလို့။ ကုံရာသီကြွယ်မာဃ။ ထွန်းပတဲ့ခါ။ မြကေရှင်ခင် ခင်နုငယ်တို့။လအစဉ်။သဘင်ပြုကြတယ်။ဆွမ်းရာဂုမ်ိးပုံးပါ။ ပွဲ သာတဲ့သည်ရတု။တသက်ပန်လေလေ့။အချက်ခလေးသူမတန် ရော့ထင့်။သရက္ခန်ပုံလိုသင်းပါတဲ့။ ချစ်ရင်းသူစံလှော်ရွှေနှင့်။ ကုံတော်ခေ သည်အကြောင်းငယ်။ ပေါင်း၍ဆုံဘူ့တဲ့မှာကွယ်။ ခေဝင်းငွေကျန်လု။

## တပေါင်းလဘွဲ့။

၁၂။ မိန်တပေါင်း။ညှာညောင်းလို့ရွက်ကြွေ။ပြုပ္ပါပရဂုဏ္ဏာ နှင့်။ ရာသီမှာရွှေဗိဆန်းတယ်။ ပန်းမြဝတ်ရွှေ။ ငါးကြင်း ရုပ်ကို ဖြင့်။သွင်းလုပ်ခါပွေလီလို့။ဝေစိစိစေတီပွဲမှာ။ ၿကြတဲ့ကြက်သ ရေ။မေ့ချောဘူးနေ့တိုင်း။လွမ်းငွေငယ်နှောင်လေလေ့။ကျွမ်းမြေ့ ခါလောင်သာလောင်တော့တယ်။ ရွယ်ကိုးယောင်မှတ်ရည်ပျို ပါလို့။ နယ်ကိုးချောင် ပတ်လည်ရို့တယ်။ ဗိုးပူချက် ရိုင်းတဲ့မှ။ ခိုးမြူရက်ပိုင်း။

ဆဲ့နှစ်ရာသီ ခွန်းထောက်ပြီး၏။

—— ——

## ၁၂ ရာသီသဖြန်။

### မိဿရာသီတန်ခူးလဘွဲ့။

၁။ ပေါင်းရွက်ညွှာခါလှစ်လို့၊ တာသစ်ကယ်တဲ့နံ့ကြိုင်။ သုတ်ဖြူးလေဆော်က။ ပန်းကုံကော်ဝတ်မှုံကျင်း။ သင်းပျံ့လို့လှိုင်။ ကြယ်နှစ်ဖြိုင်။ သွယ်ဆိုင်ပဝင်း။ စိတြဝယ်နှင့်။ ငွေလသော်တာ တို့။ ယုဂန်ချာတောင်တော်စွန်းမှာ။ ထွန်းထိန်လို့လင်း။ ။

### ပြိဿရာသီ။ ကဆုန်လဘွဲ့၊

၂။ စကားဝါဝံသင်းလို့။ ကြယ်မင်းတဲ့ဝိသာခါ။ တိမ်ခေွမှာ ရောင်ခြည့်ရွှန်း။ ထွန်းတဲ့ချိန်ပါ။ ရုံကန္တာ။ ပေါမါမြိုင်ထဲ။ ရွှေကျေး ပျံ့သင်လို့။ စံပျော်ရွှင်သည့်ပတိုကျူးလို့ငယ်။ မြူးကြစမြဲ။

### မေရုန်ရာသီနယုန်လဘွဲ့။

၃။ ရွှေစာတော်ပြန်မေးလို့။ မြတ်လေ။ တဲ့စမ္ပာယ်။ မေရုန်ဆို ရာသီကူးလို့။ ပွင့်ဖူးဝတ်မှုံနံ့။ သင်းပျံ့တော့တယ်။ ကောင်းကင် လယ်။ ထက်ဝယ်ဘုံက။ ဇေဋ္ဌရွှေကြယ်မင်းငယ်။ လင်းတဲ့ချိန်ပ။

### ကရြန်ရာသီဝါဆိုလဘွဲ့။

၄။ ပြုပ္ပါသံကြယ်ထွန်းလို့။ လဝန်းတဲ့သော်တာ။ သည့်ချိန် ကိုယုဂန်ဖျားက။ နှစ်ပါးရောင်ခြည်ဆိုက်။ လင်းခိုက်မို့သာ။ ရန့် ငယ်ဖြာ။ ညွှာတံကဝံဖူး။ ပုန်းညက်ကယ် ခိုင်ပင်မင်းက။ သင်း ပျံ့မွှုံကြူး။

### သိဟ်ရာသီဝါခေါင်လဘွဲ့။

၅။ ထက်အာကာဘုံစွန်းက။ တောက်ထွန်းလို့ထိန်ဝါ။ သရ ဝဏ်ရွှေကြယ်မင်း။ လင်းတဲ့ချိန်ခါ။ လေညှင်းငယ်လာသိဟ်ရာ သီမို့။ ရှုတိုင်းငယ်ဘယ်ညာက။ ပန်းခတ္တာဝတ်မှုံကျင်းတယ်။ သင်းပျံ့လှိုင်လို့။

## ကန်ရာသီတော်သလင်းလဘွဲ့။

၆။ ကန်ရာသီချိန်တွင်းမို့။ရွှေရင်းတဲ့မါငုံ။ မြိုင်ဟေမာသာ
နန်းက။ သုတ်ဖျန်းလေယူဖြန့်။ သင်းပျံ့ပျံ့ထုံ။ တိမ်စွန်းဘုံ။ ရောင်
ဟုန်လျှံပ။လမင်းသော်တာနှင့်။ အဇဒ္ဒါသိုရွှေကျီးငယ်။ နိုးသည်
ကာလ။

## တူရာသီသီတင်းကျွတ်လဘွဲ့။

၇။ ကြာငါးမည်ကြိုင်သင်းလို့။လျှံဝင်းတဲ့ပြောင်ထိန်။ရွှေနန်း
တောင်တော်ဦးမှာလ။ကွန့်မြူးမြင်းမိုရ်မီး။ညီးတဲ့ခါချိန်။ရှိခိုးငယ်
နှိမ်။သုံးကြိမ်ရှိပျောင်း။သင်္ကြစ္စဂါရဝါနှင့်။စည်အလါပူဇော်ပွဲကို။
သဲကြပေတောင်း။

## ဗြိစ္ဆာရာသီတန်ဆောင်မုန်းလဘွဲ့။

၈။ လှူကထိန်သင်္ကန်းနှင့်။မင်္ဂလမ်းတဲ့ဆုပန်ရွယ်၊သည်ချိန်
ကိုဝတ်မှုံကြဲလို့။ခဝဲရွှေညွှာရင်းမှာ၊သင်းရနံ့ကြွယ်။ကောင်းကင်
လယ်။ ထက်ဝယ်ဘုံဦး၊ ရွှေလစန္ဒာနှင့်။ ကျတ္တိကာကြယ်ရောင်
စွန်းတယ်၊ ထွန်းထိန်လို့မြူး။

## ဓနုရာသီနတ်တော်လဘွဲ့။

၉။ ရှစ်ခွင်ကိုမြူဆင်းလို့။ငွေနှင်းတဲ့နှစို။ဂမုန်းသဇင်တို့။ရုံခွင်
မှာလေချိုညှင်းက။ သုတ်သွင်းဘယ်ညာနှံ့။ သင်းပျံ့ပျံ့ချို။ယုဂန်
ရိုရ်၊ တောင်မိုထိပ်ဖျား။ ရွှေလစန္ဒီနှင့်။ မိဂသီ ရောင်ခြည်ဖျန်း
တယ်။မြန်းတူကြွသွား။

## မကာရရာသီပြာသိုလဘွဲ့။

၁၀။ ရွှေသော်တါစန္ဒနှင့်။ပုဿျှတဲ့လမ်းဆုံ။တိမ်လွှါမှါရောင်
ဝါကျင်းလို့။ နှစ်မင်းတူပြိုင်ပ။ မြန်းကြွခိုက်ကြုံ။ ဘရဂုဏ်။ မြိုင်

စုံမြနန်း။ နူစိမ်းစိုစို့နှင့်။ ပန်းခွါညှို ငုံတံထူး တယ်၊ ဖူးပွင့် ချက်ဆန်း။

## ကုံရာသီတပို့တွဲလဘွဲ့။

၁၁။ ရာသီချိန်ခါရောက်လို့။လဲပေါက်ကယ်တဲ့ပွင့်ညှို။ ရွှေဖီနုံ့သာနှင့်။ ခြောက်ရောင်ဝါ စေတီရင်းမှာလ။ ဆယ်စင်း လက်စုံကြူး။ဦးမြှောက်လို့ချီ။ ငွေနှင်းရယ်စိ။ သုံးလီသမယ။ ယူဇနာ။ မြင့် မြတ်ကယ် သဉ္ဇာနှင့်။ ယုဂန်ညာ တောင်တော် စွန်း မှာ၊ ထွန်းလိမ့်မာစာ။

## မိန်ရာသီတပေါင်းလဘွဲ့။

၁၂။ ပန်းရွှေဖီကြိုင်လှောက်လို့။ ဖိတောက်ကယ်တဲ့သင်းချီ။ဥတ္တရာဘရဂုဏ်က။ တိမ်ဘုံမှာရောင်ခြည်လင်းလို့။ လမင်းသော်တာနှင့်။ တူမကွာထိန်ဝါလဲ့။ ထွန်းတဲ့ခါကို။ သောင်သဲငယ်မို။ ရေညှိရစ်ရို့။ လေညှင်းငယ်လာ။ စုံဟေမာမြိုင်ထဲက။ ဝမ်းဘဲငွေဇင်ရော်တို့။ဘော်ခေါ်သံ။မောင်မယ်ကျူးတယ်။မြူးပျော်ကြလို့။

## ၁၂ ရာသီသဖြန်ပြီး၏။

---

## ၁၂ ရာသီလူးတားအချိုး။

တဆဲ့နှစ်ထိ။ရာသီစကား။လူးတားသံချို။မြွက်ဆိုကျူးကြည့်ထူး၏လေ။ ။ဆန်းထွေကိုယ်စီ။လရာသီကို။ဘွဲ့ချီမြှော်ချီးအသီးသီးလျှင်။ ယှဉ်မှီးစပ်ယှဉ်။ စကားစဉ်၍။ အယဉ်နူ့ကျေး။ဆိုရေးဖြာဖြာ။ လိမ္မာသိမြင်။ဆင်ခြင်တွေးဆ။ စပ်သမှုကို။ကောင်းကြသည်ချည်း။အနည်းနည်းကို။ ရှုံးစည်းသံချို။၊အကျင်းဆို၏။ထိုမှတသွယ်။အကျယ်စကား၊ မှတ်သားစရာ။သည်လက်ာ၍။ လမှာ

တခန်း။ပန်းကားတသွယ်။ကြွယ်နှင့်တာရာ။နေမှာတခြား။ဖဝါး
နာရီ။ရာသီတချက်။စက်၏သချာ။ ဘွဲ့စာတလီ။ရုံစိနိုင်မျှ၊ဆဲ့နှစ်
လကို။ဩဇကြိုင်မွှေး။စီကုံးကျွေးသည်။ ချိုသောသာယာ။နာလည်း
နာပျော်။ နားနှင့်တော်အောင်။မချော်မချွတ်။ ချောမွတ်ပြေပြစ်။
ကောက်ကျစ်မရှိ။မြင်သိနားမှာ၊ဆင်စရာဟု။ ကြိုင်စွာသင်းကြူ။
မြတ်ရွှေဂူက။မညွှ။ရွှေခွက်။ မွှေးပေါင်းဘက်သို့။ နှစ်သက်ကုန်
ကြ။ဗိုက်ယူတလျက်။တော်ပဝင်းဝါ။လျှပ်ရောင်ဖြာသည်။ ။
ရာသီဆဲ့နှစ်ခွင်တည့်လေ။ ။ပြေပြေတည့်ချို၏။ပန်းသို့မွှေး။ ။
ဆိုရေးအသွယ်သွယ်။ ။နာဘွယ်တည့်ရွှင်လန်း။သာထူးခန်း။

၁၂ရာသီလူတား။

တန့်ခူးလဘွဲ့မိဿရာသီ။

၁။ ပျော်မြူးရာသီ။ဖူးစီပရစ်။ရွက်သစ်ဖြန်းစ။လန်းလှလေ။
တေဇေါဓါတ်အိမ်။နွေဂိမ္ဘန္တာ။တန်ခူးလဟု။စိတြခေါ်မို့။နာရီညဉ့်
နေ့။ မျှနေ့ရွတူညီ။ သုံးဆယ်စီတည့်။ အသာဝဏ်ကြွယ်။ နေနှင့်
ဆွယ်လျက်ညည့်ဝယ်စိတြ။ သောင်တာလနှင့်။ လှည့်ကြွမချွတ်။
ကောဝန့်တာရာ။ ပန်းမြတ်လျှံဝေ။ တောင်လေညှာင်းညှာင်း။ ဆော်
လှ့ါသွင်းသော်။ရင်တွင်းငြိမ့်လေး။ချမ်းတုန်၍။ငယ်သွေးလဲ့ပြာ။
မောင်နှင့်သာလျှင်။မေတ္တာမပျက်။ လွန်းကြင်ငှက်သို့။ သံမြွက်
မွှေးကြိုင်။ရွှေဂူလှိုင်တွင်။ တူပြိုင်ဆုတောင်း။ညောင်ရေလောင်း
သည်။ ။မွှေးပေါင်းနံ့သာ ရည်နှင့်လေး။ ။စက် ခြည်
တည့်နှစ်သိန်း။ ငါးထောင်ကိန်း။ ။ကြိန်းဖဝါးမို့။ ။ဂိမ္ဘ
တည့်တန်ခူးလာခန်းထူး။ ။နှစ်ဦးမိဿ ခွင်။ ။သဘင်တည့်
ပျော်မြိုး၊အတာပွဲ။

ကဆုန်လဘွဲ့ပြိဿရာသီ။

၂။ နှစ်သိန်းစက်ကျယ်။တသွယ်ဗိုန။ပြိဿရာသီ။ပထဝီဓါတ်။

ပညတ်နာမ၊ ခေါ်ကြလေ။ ။သာပြေညွန့်နု။ရတုမာသ။ကဆုန်လဟု။ပြည့်ထဝင်းဝါ။ဗိသါခါနှင့်။စန္ဒါလဝန်း။တူပြိုင်ထွန်းသော်။လေးကျွန်းလှဥ္စပတ်။ဟတ္ထိတာရာ။ထပ်တူပါ၍။ နေ့မှာတသွယ်။ကြယ်ကျတ္တိကာ။သူရိယာနှင့်။ယှဥ်လာမယွန်း။မွန်းတည့်ဖဝါး။ရငြားနှစ်ချ။ရွက်ဟောင်းရ၍။ရွက်နုဖူးစီ၊ နာရီနေ့ဝယ်။ သုံးဆယ်ကကျော်။နှစ်ချပေါ်လျက်။ညည့်သော်နှစ်ဆယ်။ ၅စ်ချကယ်၏။ လှည့်ကယ်ရစ်ပတ်။စုံမြိုင်ရပ်က။ သွင်းခတ်မှိုင်းရီ။ လဝန်းချီ၍။ ရွှေဗိစကား။ မြသားလျှံဝေ။ ပန်းမိုးစွေနှင့်။ ညောင်ရေသဘင်။ သည်ပွဲတွင်၌။ပျော်ရွှင်သွန်းလောင်း။ ပျိုတော်ပေါင်းတို့။ ယင်ပျောင်းဟန်ချီ။ရွှေပိုးတိသို့။ လုတ်လီလုတ်လဲ့။ ပင်ကိုနွဲ့နှင့်။ နတ်ကဲ့လိုလို။ မြာညို ပွင့်တောက်။ နီလာကျောက်သို့။ နှင်းပေါက်သော်မှော်။ ပန်းထည့်ပေါ်တက်။ မာလာမက်၍။ ဘရက်ဘယ်ညာ။ အင်္ကျီမှာလည်း။ ရွှေဇာ မှော်ပွင့်။ ဆင်တိုင်း တင့်လျက်။ ဘုန်းမြင့်စိန္တော။ ခတ်တော် မွေကို။ ရှိသေကြည်လင်။ ရှိပန်ဆင်သည်။ ။သဘင်ညောင်ရေပွဲတည့်လေ။ ။ယင်မှုတည့်မြာဝင်း။ခြောက်ပြစ်ကင်း။ ။ယဥ်မင်းရွှေရုပ်နှယ်။ ။ရှုဘွယ်တည့်မြဲ။ကျောက်မျက်ခွဲ။ ။ပုလဲလှကြေးမုံ။ ။တူစုံတည့်ယှဥ်တွဲ။လည်ချင်းနွဲ့။

နယုန်လဘွဲ့မေရုန်ရာသီ။

၃။ တသိန်းငါးသောင်း။စက်ပေါင်းအကုန်။မေရုန်ရာသီ။တိမ်နီတိမ်ပန်းဆန်းလှလေ။ ။ဒွေးဒွေးအညီ။နာရီတဖြာ။ နေ့မှာသုံးဆယ်။စွန်းကယ်စတု။ညည့်ဘို့ရှုသော်။တွက်ရနှစ်ဆယ်။ ခြေံဝယ်ကသာ။ခါတ်မှာဝါယော။ချောမောကြည်လင်။အာကာပြင်က။ကြယ်ဇေ့နှင့်။ထွန်းပရောင်စို။ ကြိုဟ်တနင်းလာ။ ကြွသောခါလျှင်။တာရာအသသ။ရုံဝန်းခလျက်။ ထွန်းပရွှင်လန်း။ ဥဒေါင်းနန်းလည်း။ မြန်းရွှေစက်ချီ။မိဂသီနှင့်။တူညီတကွ။ မွန်းတည့်ကလျှင်။ဧကဖဝါး။ရိပ်သားထစ်ကျူး။ကျေး၄ှက်မြူးသော်။ပွင့်ဖူး

ရိုးသွယ်။စမွှာယ်မြတ်လေး။သင်းပျံ့မွှေး၍။ စည်းဝေးသဃ်ာ။အ
ရိယာတို့။ရွှေစါမေးပွဲ။ထိန့်ရိုက်ကြဲမှု။ပုလဲသန္တာ။နီလာပတ္တမြား။
ပြယားဂေါ်မုတ်။ဥသသဖယား။မြသားချယ်လယ်။ ဆန်းကြွယ်အ
ရောင်။တေဘံပြောင်ဝင်းဝါ။သုခမ္ဘာဝယ်။သဃ်ာတော်များ။ဟော
ကြားမိန့်မြွက်။မေးဖြေလျက်ဟည့်။မြွက်ရိုးညွှာ။ ကညာနှုနယ်။
ကြင်ဘွယ်အများ။ သက်တင်သားတို့။ ရလျှားပတ်ရစ်။ ဆယ်
ကျော်နှစ်က။အချစ်ကဲမိုး။ဆင့်ဆင့်တိုး၍။ရှစ်ခိုးဦးပန်။ ရှင်ပင်ထံ
တွင်။မောင်နှံ့မြွက်ဟာ။တောင်းဆုသသည်။ ။ဖူးစစမွှါယ်ပန်း
နှင့်လေ။ ။နယုန်တည့်ရိုရွှဲ။ စာမေးပွဲ။ ။လျှော့ရဲဆံကေ
သာ။ ။စက်ရာတည့်ခွေယိမ်းညွတ်ခါတိမ်း။ ။ဟန်ယိမ်းသည်
မယ့်ကိုယ်။ ။ပြုံးချိုတည့်ရယ်ဘဲ။အကုန်ချွဲ။

## ဝါဆိုလဘွဲ့ကကြွန့်ရာသီ။

၄။ အာပေါဓါတ်ချိန်။ထက်တိမ်မိုဃ်းက။သွန်ချပဇ္ဇုန်။မြူးချန်
လေ။ ။စက်နေနှစ်သိန်း။ကိန်းခန်းသဗျာ။ စွန်းပါငါးသောင်း။
ချင့်ပေါင်းအညီ။ရာသီဇယာ။ ဝါဆိုလဟု။ မှိုင်းမြရီမှောင်။ လျှပ်
ရောင်ပြိုးပြက်။မည်းနက်ဖြူပြာ။ ရိုးလိမ္မာနှင့်။စိန်းဝါနီပြောင်။ရွှာ
သွန်းခေတင်၍။သဲသောင်ရေသွယ်။ ရှယ်၍မြစ်ကမ်း။ပြည့်တင်း
ကြမ်းနှင့်။လွှမ်း၍မအိ။သည့်ရာသီတွင်။နာရီနေ့ကို။ သုံးဆယ်ဆို
ရှင့်။ စွန်းပိုခြောက်ချ။ ကြွင်းစုနာရီ။ ညည့်ဘို့စိသောင်။ မညီအ
ရေး။ နှစ်ဆဲ့လေးတည့်။ ပျံ့မွှေးဝဿံ။ ရိုးတံမြွက်။ ပုန်းညက်
ရွှေလှော်။မွှေးပေါင်းဖော်၍၊တောင်တော်မြင့်ဖျား။ မြင်းမှိုရ်ခါး
က။ပတ္တမြားဗိမာန်။ပြုပြုံသန်နှင့်။ယုဂန်မိုရ်ခါး။ လှည့်လည်သွား
သောင်။နှောက်ကားမကွာ။ဖြိုင်းတာရာနှင့်။ညီလာကျွန်ကြ။ရောင်
ထွန်းပလျက်၊ပုဿနက္ခတ်။ဖလ်နေနတ်နှင့်။လှည့်ပတ်ညီစွာ၊သွါး
သောခါလျှင်။မမြင်ဖဝါး။အသုံးငြား၍။ပန်းများလိုင်ကြူ။မဉ္ဇူ။ရွှေ
ရွှက်။ပုန်းညက်ကြိုင်သင်း။ပဒ္ဒင်းတော်ပွဲ။သဲသဲအုတ်အော်။ ရွှင်
ပျော်လှည့်ပတ်။ ပြားလတ်ကြန်ညီ။ ကျမ္ဘာရိတို့။ဆိတ်စိန့် သေး

pdf creator - Wanna Soe